(၅) **Internet** အအသုံးပြုရန် **Wi-fi** ထုတ်လွှင့်ပေးထားပါသည်။

(၆) အများသုံးတယ်လီဖုန်းကိုလည်း **Reception** တွင်တပ်ဆင်ပေးထားပါသည်။

(၇) **Gate House** များထား၍ **Sentry**များကိုလည်း **24 hour** အလှည့်ကျ တာဝန်ချထားပါသည်။

<u>နိုင်ငံတကာနှင့် ပြည်တွင်းခရီးသွားဧည့်သည်များအတွက် မျှော်မှန်းသောဈေးကွက်</u>

ခရီးသွားကုမ္ပဏီများ၊ **NGOS**၊ **INGOS** များနှင့်ချိတ်ဆက်၍၄င်း၊**Online** များမှတဆင့် ဈေးကွက်ရှာဖွေသွားပါမည်။

<u>အခြားဝန်ဆောင်မှုလုပ်ငန်းများ</u>

(က) ဟိုတယ်၏အထည်အလိပ်များ၊ ဧည့်သည်အပ်နှံသည့်အဝတ်အစားများကို လျှော်ဖွပ်ရန်အတွက် အဝတ်လျှော်ယူနစ်(၁)ခုအား ထားရှိပေးထားပါသည်။

(ခ) **Pick up and Send off Service (Airport & Bus Terminal)** ထားရှိပါသည်။

(ဂ) **Car Rental Service , Bike Service** ကိုလည်းထားရှိပါသည်။

(ဃ) ဟိုတယ်တွင် အစားအသောက် အဖျော်ယမကာ၊ **Restaurant, Tea & Bar** ကိုလည်းထည့်သွင်းထားပါသည်။

(င) **Wedding Ceremony** အတွက် မင်္ဂလာခန်းမကိုလည်း စီစဉ်ပေးထားပါသည်။

(စ) အခြားအလုပ်ရုံဆွေးနွေးပွဲ၊ အကျိုးပြုသင်တန်းများ၊ ပညာပေး ပြပွဲများ၊ ကုမ္ပဏီ ပရိုမိုးရှင်းနှင့် **advertise** (ကြော်ငြာ)လုပ်ငန်းများကိုလည်း လုပ်ဆောင်နိုင်အောင် ဝန်ဆောင်မှုပေးထားပါသည်။

(ဆ) စိတ်အပန်းဖြေအနားယူရန် **Spa**ကိုလည်း ထည့်သွင်းထားပြီး၊ အားကစားလုပ်ရန် **GYM Room** လည်းပါရှိပါသည်။

အချိန်အခါနှင့်အခြေအနေပေါ်လိုက်၍ **Discount** များလည်းပေးထားပါသည်။

ဧည့်ကြိုကောင်တာ **(Reception)** တွင်အသုံးပြုသည့် ရုံးလုပ်ငန်းသုံးပစ္စည်းများ

**Computer, Printer, Cash Tester , Calculator, Public**

**Phone , Telephone , Insurance Box (Safety box),**

ဧည့်ခန်း၌ မှန်စားပွဲ(၃)ခု၊ ဆိုဖာ ထိုင်ခုံ အလုံး(၂၀)ပါရှိပါသည်။ **TV Screen** ကြီးများလည်း တပ်ဆင်ထားပြီး၊ **Wi-Fi** များလည်း လွှင့်ထုတ်ထားပါသည်။

**စားသောက်ခန်းမ(Dining Room)**

ခင်းကျင်းထားသည့် စားပွဲထိုင်ခုံမှာ (၁၂)ဝိုင်းခန်းရှိပြီး မှန်စားပွဲနှင့် သစ်သားဆိုဖာ ၊ ကုလားထိုင်များဖြစ်သည်။ မှာယူစားသုံးနိုင်သော အစားအစာများမှာ **Chinese Food, Uro Food, M Food** တို့ဖြစ်ပါသည်။

**စားဖိုဆောင် (Kitchen Room)**

စားသောက်ခမ်းမနှင့် ဆက်စပ် ဧရိယာတွင် **(28'x18½')**အကျယ် စားဖိုဆောင်တစ်ခုပါဝင်ပြီး၊ ဧည့်သည်များမှာယူလိုပါက နေ့လည်စာ/ညစာများကိုရောင်းချပါမည်။ **Steel** စားပွဲနှင့်ထိုင်ခုံများ ခင်းကျင်းအသုံးပြုထားပါသည်။

**အိပ်ခန်းများ၌ အသုံးပြုထားသည့် (Equiment)အသုံးအဆောင်ပစ္စည်းများ**

အိပ်ခန်းများအားလုံးတွင် **(TV)** ၊ ရေခဲသေတ္တာ လေအေးပေးစက်၊ စားပွဲ ကုလားထိုင်၊ **ဘီဒို** ၊ **PABX Systm Telephone** , ရေပူရေအေး ရေသန့်

<u>**သန့်စင်ခန်း၊ ရေချိုးခန်း (WC)**</u>

အနောက်တိုင်းပုံစံ သန့်စင်စံနစ်၊ ကြွေလက်ဆေးခွက်၊ ရေပန်းနှင့် ရေပူ ရေအေးစနစ်များတပ်ဆင်ထားပါသည်။ အထူးခန်းများတွင် **Bath Tub** များလည်း ပါဝင်ပါသည်။

<u>**အမှိုက်များစွန့်ပစ်ခြင်း**</u>

အစားအသောက် အကြွင်းအကျန်များနှင့် ဘူးခွံများသာရှိပြီး၊ ပမာဏ အသင့်အတင့်သာရှိပါသည်။ ချိုးရေ၊ သုံးရေများသာ တစ်နေ့ ဂါလန် (၃၀၀၀)ခန့်ရှိပါသည်။ စွန့်ပစ်အစိုင်အခဲများမှာ တစ်နေ့တစ်တန်နီးပါးမျှသာ ရှိပါသည်။ အမှိုက်စိုအမှိုက်ခြောက်သီးခြားခွဲ၍ မြို့နယ်စည်ပင်၏ စုပေါင်းအမှိုက်ပစ်နေရာသို့ သွားရောက်စွန့်ပစ်စေမည်ဖြစ်ပါသည်။ အမှိုက်များသိမ်းဆည်းစနစ်မှာ စားဖိုခန်းနှင့်အိပ်ခန်းမှထွက်ရှိသော စွန့်ပစ်အမှိုက်များကို အပိုင်းလိုက်တာဝန်ကျ သန့်ရှင်းရေးအလုပ်သမားများက တစ်နေ့ တစ်ကြိမ် သိမ်းဆည်းပြီး၊ အမှိုက်စို အမှိုက်ခြောက်များခွဲခြား၍ ဟိုတယ်၏ အနောက်ဘက် အမှိုက်စုပုံထားရာ သီးသန့်နေရာလွတ်၊ အမှိုက်ပုံးကြီးများဖြင့် စုပုံထားရှိ၍ အဖုံးများဖြင့် ဖုံးထားပါသည်။ တစ်နေ့တစ်ကြိမ် ကိုယ်ပိုင်အမှိုက်ပစ်ယာဉ်ဖြင့် မြို့နယ်၏စည်ပင်၏ စုပေါင်းအမှိုက်ပစ်နေရာသို့ သွားရောက်စွန့်ပစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ
မွန်ပြည်နယ်

# ဟိုတယ်လုပ်ငန်းလိုင်စင်



လိုင်စင်အမှတ် H(MON)0039

ထုတ်ပေးသည့်နေ့စွဲ ၁၂-၁၀-၂၀၂၀

၁။ မွန်ပြည်နယ် ........ မော်လမြိုင် ........ မြို့/မြို့နယ်ရှိ ဦး/ဒေါ်/အဖွဲ့အစည်း ဒေါက်တာလှမြတ်ဦး၊ ဒေါက်တာကြည်ကြည်ဝင်း (နိုင်ငံသားစိစစ်ရေးကတ်အမှတ်/အမျိုးသားမှတ်ပုံတင်အမှတ်/အဖွဲ့အစည်းမှတ်ပုံတင်အမှတ် ၁၀/မလမ(နိုင်)၁၂၀၇၄၅ ၁၀/မလမ(နိုင်)၀၀၉၉၄၄ ) ကို အောက်ပါလုပ်ငန်းဆောင်ရွက်နိုင်ရန် အတွက် လုပ်ငန်းလိုင်စင် ခွင့်ပြုလိုက်သည် -

(က) လုပ်ငန်းအမည် ........ Royal Mawlamyine Hotel (၆၉)ခန်း

(ခ) လုပ်ငန်းအမျိုးအစား ........ ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်း (ဟိုတယ်)

(ဂ) လုပ်ငန်းဌာန/နေရပ်လိပ်စာ အကွက်အမှတ်(၅၃)၊ဦးပိုင်အမှတ်(၄၀/ဃ)၊အထက်လမ်းမကြီး၊ မရမ်းကုန်းရပ်ကွက်၊မော်လမြိုင်မြို့၊မွန်ပြည်နယ်။

(ဃ) လုပ်ငန်းရုံးခွဲလိပ်စာ ........

၂။ လိုင်စင်သက်တမ်းကုန်ဆုံးသည့်နေ့ ........ ၁၁-၁၀-၂၀၂၃

၃။ လုပ်ငန်းလိုင်စင်ရရှိသူသည် ပူးတွဲပါစည်းကမ်းချက်များကို လိုက်နာရမည်။

ဥက္ကဋ္ဌ (ကိုယ်စား)
(ထွန်းမင်းအောင်-ဒုဥက္ကဋ္ဌ)
မွန်ပြည်နယ်ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ

# ဟိုတယ်လုပ်ငန်းလိုင်စင်ဆိုင်ရာ စည်းကမ်းချက်များ

၁။ လုပ်ငန်းလိုင်စင်ကို ဟိုတယ်၏ ဧည့်ကြိုကောင်တာ သို့မဟုတ် ထင်ရှားမြင်သာသောနေရာတွင် ချိတ်ဆွဲတပ်ဆင်ထားရမည်။

၂။ ဤလိုင်စင်ဖြင့် ခွင့်ပြုသော လုပ်ငန်းကိုသာ လုပ်ကိုင်ရမည်။

၃။ လိုင်စင်တွင် ဖော်ပြထားသည့် အမည်မှတစ်ပါး အခြားအမည်ဖြင့် လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

၄။ လိုင်စင်ကို အခြားသူအား လွှဲပြောင်းပေးခြင်း၊ ရောင်းချခြင်း၊ အပ်နှံခြင်း မပြုရ။

၅။ ပျက်ပြယ်သောလိုင်စင်ဖြင့် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

၆။ ဟိုတယ်ပရိဝုဏ်အတွင်း ဥပဒေနှင့်အညီ လုပ်ကိုင်ခွင့်ပြုထားသော လုပ်ငန်းများကိုသာ ဆောင်ရွက်ရမည်။

၇။ ဟိုတယ်ပရိဝုဏ်အတွင်း မူးယစ်ဆေးဝါးရောင်းဝယ်ခြင်း၊ သုံးစွဲခြင်းနှင့် အခြားတည်ဆဲဥပဒေများနှင့် ငြိစွန်းသည့် ကိစ္စရပ်များပြုလုပ်ခြင်း မပြုရ။

၈။ ဟိုတယ်ပရိဝုဏ်အတွင်း ပြည့်တန်ဆာလုပ်ငန်းနှင့် ပတ်သက်သည့် လုပ်ငန်းရပ်အား ပြုလုပ်ခြင်း၊ အားပေးကူညီခြင်း မပြုရ။

၉။ နိုင်ငံခြားငွေကြေးများကို ကိုင်ဆောင်ခြင်း၊ ရောင်းဝယ်ခြင်းများအား တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၁၀။ နိုင်ငံတော်၏ တည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ ဖောက်ဖျက်ကျူးလွန်ရန်အားပေးကူညီခြင်း မပြုရ။

၁၁။ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဥပဒေနှင့် နည်းဥပဒေများအရ ဖွဲ့စည်းတာဝန်ပေးထားသော စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးခြင်းကို ခွင့်ပြုရမည်။

၁၂။ လုပ်ငန်းလိုင်စင်နှင့် ဟိုတယ် ပိုင်ဆိုင်မှုအတွက် အငြင်းပွားမှုများ ဖြစ်ပွားပါက သက်ဆိုင်ရာ တရားရုံးဆုံးဖြတ်ချက်နှင့်အညီ အရေးယူဆောင်ရွက်မှုကို လိုက်နာရမည်။

# Royal Mawlamyine Hotel Staff List (ခန့်အပ်ပြီးသားဝန်ထမ်းစာရင်း)

| No. | Department | Staff Name | Position | Jointed Date | Education | Remark |
|---|---|---|---|---|---|---|
| 1 | Admin | U Min Thura | GM | 11.12.2021 | | |
| 2 | Admin | U Tint Lwin | HR | 1.3.2020 | BA(History) | |
| 3 | Admin | U Pyae Phyo Maung | M & E | 1.12.2021 | 9 တန်းအောင် | |
| 4 | Admin | U Aung Kyaw Lwin | Security | 29.10.2021 | ၇ တန်းအောင် | |
| 5 | Admin | U Myo Kyaw | Security | 6.2.2022 | ၈ တန်းအောင် | |
| 6 | Admin | U Ye Htut | Security | 26.12.2021 | ၈ တန်းအောင် | |
| 7 | Admin | U Kyaw Zayar Linn | Security | 6.2.2022 | ၁၀ တန်းအောင် | |
| 8 | Admin | U Naung Yin Htwe | IT | 23.1.2022 | B.SC ( Maths;) | |
| 9 | Finance | Ma Phyo Thiri Mon | Accountant Manager | 25.12.2021 | B.A ( Myanmar) | |
| 10 | Finance | Ma Shwe War Khin Than | Accountant | 24.11.2021 | B.SC ( Zology ) | |
| 11 | Finance | Ma Linn Linn Khine | Cost Controller | 24.11.2021 | B.A (Geography) | |
| 12 | Finance | Ma Khine Thandar Soe | General Cashier | 8.12.2021 | B.A ( English ) | |
| 13 | Finance | U Soe Min Thu | Purchaser | 7.3.2020 | B.A ( Psychology ) | |
| 14 | Front Office | Ma Moe Moe Lwin | Team Leader | 30.12.2021 | Geography ( Second Year) | |
| 15 | Front Office | Ma Thandar Hnin | Receptionist | 29.10.2021 | AGTI (EC) | |
| 16 | Front Office | Ma Saw Sandar Aung | Receptionist | 29.10.2021 | M.SC (Botany) | |
| 17 | Front Office | Ma Khine Aye Chan Hlaing | Receptionist | 30.12.2021 | BA ( English ) | |
| 18 | Front Office | U Hein Htut | Night Auditor | 9.2.2022 | AGTI (EP) second year | |
| 19 | Front Office | U Myo Nyi Nyi | Bell Boy | 14.11.2021 | Geography (First Year ) | |
| 20 | Front Office | U Kyaw Swar Mg | Bell Boy | 1.1.2022 | ၁၀ တန်းအောင် | |
| 21 | Front Office | U Hein Min Thu | Bell Boy | 15.1.2022 | ၁၀ တန်းအောင် | |
| 22 | Housekeeping | U Nay Linn Htike | Supervisor | 29.10.2021 | ၁၀ တန်းအောင် | |
| 23 | Housekeeping | Ma Zin Zin Mar | Room Attendant | 29.10.2021 | ၁၀ တန်းအောင် | |
| 24 | Housekeeping | Ma Soe Htet Htet Kyaw | Room Attendant | 29.10.2021 | ၈ တန်းအောင် | |
| 25 | Housekeeping | Ma Thin Yadanar Su | Room Attendant | 15.12.2021 | ၈ တန်းအောင် | |
| 26 | Housekeeping | U Pyaw Phyo Aung | PA | 23.1.2022 | Geography(Four Year) | |
| 27 | Housekeeping | Ma Soe Thida Linn | PA | 15.1.2022 | ၁၀ တန်းအောင် | |
| 28 | Housekeeping | Ma Pwint Zaw Oo | Laundry | 15.1.2022 | ၁၀ တန်းအောင် | |
| 29 | Housekeeping | Ma Ni Ni Yu | Laundry | 29.10.2021 | ၅ တန်းအောင် | |
| 30 | Housekeeping | Ma Hinn Wutt Yi | Laundry | 29.10.2021 | ၈ တန်းအောင် | |
| 31 | F & B Service | U Aung Tun | Supervisor | 7.11.2021 | B.A (Myanmar ) | |
| 32 | F & B Service | Ma San Thida Win | Waitress | 15.11.2021 | ၁၀ တန်းအောင် | |
| 33 | F & B Service | Ma Zu Zu | Waitress | 15.11.2021 | ၁၀ တန်းအောင် | |
| 34 | F & B Service | Ma Ei Mon Soe | Waitress | 24.11.2021 | LLB | |
| 35 | F & B Service | U Khant Lin | Waiter | 15.11.2021 | IR ( International Relation) | |
| 36 | F & B Service | U Lin Htet Aung | Waiter | 24.11.2021 | ၈ တန်းအောင် | |
| 37 | F & B Service | Ma Naw Twel Tar Soe | Waitress | 29.12.2021 | ၈ တန်းအောင် | |
| 38 | F & B Service | Ma Naw San San Hla | Waitress | 3.1.2022 | ၁၀ တန်းအောင် | |
| 39 | F & B Service | U Thiha Ko Ko | Barmen | 10.12.2021 | Myanmar (Second Year) | |
| 40 | F & B Service | U Naing Min Thu | Barmen | 30.12.2021 | ၁၀ တန်းအောင် | |

| No. | Department | Staff Name | Position | Jointed Date | Education | Remark |
|---|---|---|---|---|---|---|
| 41 | F & B Production | U Khin Mg Zaw | Executive Chef | 7.1.2022 | | |
| 42 | F & B Production | U Thet Zaw Khine | Soup Chef | 1.11.2021 | ၉ တန်းအောင် | |
| 43 | F & B Production | U Wai Lin Aung | Kitchen | 16.12.2021 | ၉ တန်းအောင် | |
| 44 | F & B Production | U Aung Hmwe | Kitchen | 1.11.2021 | ၇ တန်းအောင် | |
| 45 | F & B Production | U Myint Naing | Chef de partie | 7.2.2022 | ၈ တန်းအောင် | |
| 46 | F & B Production | U Tin Myo Aung | commic 1 | 7.2.2022 | History First year | |
| 47 | F & B Production | U Wai Yan Su Pyae | Steel wash | 1.12.2021 | ၁၀ တန်းအောင် | |
| 48 | F & B Production | U Saw Thiha Tun Oo | Steel wash | 29.12.2021 | ၈ တန်းအောင် | |
| 49 | F & B Production | Ma Naw Estin | Kitchen Helper | 3.1.2022 | ၉ တန်းအောင် | |
| | | | | | | |

*ဓါတ်လှေကား အရေးပေါ် ရပ်တန့် /ပျက်လျှင် ကြိုတင်ပြင်ဆင်ထားရှိချက် *

၁။ ဓါတ်လှေကား အတွင်း အရေးပေါ် ဖုန်းနံပါတ်များ အနည်းဆုံး (၄)ခု အားမြင်သာအောင် ထားရှိရန်၊
၁. မန်နေဂျာဖုန်း ၂။ ညွှန်ကြားကောင်တာဖုန်း ၃။ ပြင်ထိန်း အဖွဲ့ခေါင်းဆောင်ဖုန်း + + +

၂။ ဓါတ်လှေကားစတင်အသုံးပြုသည်နှင့်တပြိုင်နက် လှုပ်ရှားမှု အား အစ/ဆုံး ညွှန်ကြားဌာနမှ အထူးတာ ဝန်ယူစောင့်ကြည့်နေရန်

၃။ ဓါတ်လှေကား လျှပ်စစ်မီးပျက် ၍ရုတ်တရက် ရပ်တန့်သွားလျှင် အရံမီးစက်အား စက္ကန့်၊ မိနစ် ပိုင်းအတွင်း အော်တိုမောင်းနှင် စနစ်ပြုလုပ်ထားရန်

၄။ ဓါတ်လှေကားများ၏ တံခါးမကြီး သော့အား အရေးပေါ်လိုအပ်ပါက လွယ်ကူစွာတံခါးအား မန်နူရယ် ဖွင့်နိုင်ရန် သော့အား ညွှန်ကြားကောင်တာတွင်ထားရှိရန်

၅။ ဓါတ်လှေကားအရေးပေါ် ရပ်တန့်ပါက အတွင်းရှိ အသုံးပြုသူအားလျှင်မြန်စွာဆက်သွယ် စကားပြော၍ လိုအပ်သည်များ ဆောင်ရွက်နေကြောင်းနှင့်စိတ်မပူရန်အသိပေးခြင်း

၆။ ဓါတ်လှေကား အရေးပေါ်ကယ်ဆယ်ရေးနည်းစနစ်များကိုလည်း ဓါတ်လှေကား ပညာရှင်များနှင့် မိမိတို့ ဝန်ထမ်း များအား သင်တန်းပေးထားရန်
၁။မန်နေဂျာ ၂။ပြင်ထိန်းဝန်ထမ်းနှစ်ဦး ၃။ညွှန်ကြားအမှုထမ်းဝန်ထမ်းနှစ်ဦး ၄။လုံခြုံရေးဝန်ထမ်းနှစ်ဦး

၇။ ဓါတ်လှေကား၏ထိန်းချုပ်ရေးစနစ်များ ကောင်းမွန်ခြင်း ရှိမရှိ၊ ၎င်းစနစ်များအတွက် ထားရှိသည့် အော်တိုလျှပ်စစ်ပြောင်းလဲသုံးနိုင်ရန် တွဲတပ်ထားသော အရံဘက်ထရီများ ကောင်းမွန်ခြင်း ရှိမရှိ စစ်ဆေးခြင်း

၈။ အရေးကြီးသည်မှာဓါတ်လှေကား ရပ်တန့်သွားပါက အတွင်းမှ အသုံးပြုသူသည် အတွင်းတံခါးကို အင်အားသုံး ၍ အတင်း ဆွဲ မဖွင့်ရ

၉။ အထက်ပါ ကိစ္စရပ်များဆောင်ရွက်ထားရှိမှုကို ညွှန်သည်များအား ကြိုတင် အသိပေး၊ သတင်းပေးစာ ရွက်အား အခန်းတွင်း ထားရှိရန် တို့ဖြစ်ပါသည်။

အမှိုက်များအား စနစ်တကျ စွန့်ပစ်ရန် ဆောင်ရွက်နေပုံ





၃။ **ဥပဒေများ (လုပ်ငန်းရှင် လိုက်နာရန် ဥပဒေများကတိကဝတ်)**

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ**

ပြည်ထောင်စုလွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ မတ်လ (၃၀)ရက်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို ပြဋ္ဌာန်းလိုက်သည်။ အခန်းပေါင်း(၁၄)ခန်းနှင့် ပုဒ်မပေါင်း(၄၂)ခုတို့ ပါဝင်သည် ။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၏ ရည်ရွယ်ချက်များ**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) မြန်မာနိုင်ငံအမျိုးသားဝန်းကျင်ရေးရာမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်

(ခ) စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ စနစ်တကျ ဆောင်ရွက်ရန်အလို့ငှာ အခြေခံမူများချမှတ်နိုင်ရန်နှင့် လမ်းညွှန်မှုများ ပြုနိုင်ရန် ။

(ဂ) ပစ္စုပ္ပန်နှင့်အနာဂတ်မျိုးဆက်များ၏ အကျိုးအတွက် ကောင်းမွန်ပြီး သန့်ရှင်းသည့် ပတ်ဝန်းကျင်ဖြစ်ပေါ်လာစေရန်နှင့် သဘာဝနှင့်ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ။

(ဃ) ဆုတ်ယုတ်ပျောက်ကွယ်စဖြစ်နေသော ဂေဟစနစ်များကို ဖြစ်နိုင်သမျှ ပြန်လည် ဖော်ထုတ်ရန်။

(င ) သဘာဝသယံဇာတ အရင်းအမြစ်များ လျော့နည်းဆုံးရှုံးမှုကို တားဆီးရေးနှင့် စဉ်ဆက်မပြတ်အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် စီမံဆောင်ရွက်နိုင်ရန်

(စ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအသိအမြင်ပြန့်ပွားရေးအတွက် ပညာပေးရေးနှင့် ပညာသင်ကြားရေးအစီအစဉ်များကို အများပြည်သူသို့ သိရှိပြီး ပူးပေါင်းပါဝင်မှု ပိုမိုတိုးတက်လာစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်။

(ဆ) ပတ်ဝန်းကျင်ရေးရာကိစ္စရပ်များတွင် အပြည်ပြည်ဆိုင်ရာ ၊ ဒေသဆိုင်ရာနှင့် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန်။

(ဇ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို အစိုးရဌာန ၊ အစိုးရအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း ၊ အစိုးရမဟုတ်သောအဖွဲ့

အစည်းနှင့် ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်နိုင်ရန် စသည်တို့ဖြစ်ပါသည်။

အခန်း(၃) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဖွဲ့စည်းခြင်း

အခန်း(၄) ဝန်ကြီးဌာန၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာတာဝန်နှင့်လုပ်ပိုင်ခွင့်များ

အခန်း(၅) ပတ်ဝန်းကျင်ဆိုင်ရာအရေးပေါ်အခြေအနေ

အခန်း(၆) ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်း

ပုဒ်မ(၁၀) ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ကော်မတီ၏ သဘောတူညီချက်ဖြင့် အောက်ပါပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းများကို သတ်မှတ်နိုင်သည်။

(က) မြစ်ချောင်းတူးမြောင်း စိမ့်စမ်းအင်းအိုင်၊ နွံတော၊ ကန်၊ ရေလှောင်တမံနှင့် အများပြည်သူ ဆိုင်ရာ အခြားကုန်းတွင်းရေ ရရှိနိုင်သည့်နေရာများ အသုံးချမှုအလိုက် ဆီလျော်သည့်မြေပေါ် ရေအရည်အသွေးစံချိန်စံညွှန်းများ

(ခ) ပင်လယ်ကမ်းရိုးတန်းနှင့်မြစ်ဝဒေသများအတွက် ရေအရည်အသွေး စံချိန်စံညွှန်းများ

(ဂ) မြေအောက်ရေ အရည်အသွေးစံချိန်စံညွှန်းများ

(ဃ) လေထုအရည်အသွေးစံချိန်စံညွှန်းများ

(င) အသံနှင့်တုန်ခါမှု စံချိန်စံညွှန်းများ

(စ) ထုတ်လွှတ်အခိုးငွေ့ စံချိန်စံညွှန်းများ

(ဆ) စွန့်ထုတ်အရည် စံချိန်စံညွှန်းများ

(ဇ) စွန့်ထုတ်အစိုင်အခဲ စံချိန်စံညွှန်းများ

(ဈ) ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် အခြားပတ်ဝန်းကျင် အရည်အသွေး စံချိန်စံညွှန်းများ

ပုဒ်မ(၁၃) ဝန်ကြီးဌာနတွင်-

အခန်း(၇)ပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဝန်ကြီးဌာနသည် ကော်မတီ၏ လမ်းညွှန်ချက်အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးစနစ်ထားရှိ၍ အကောင်အထည်ဖော်ဆောင်ရွက်မည်။

(က) ပတ်ဝန်းကျင်ကို သိသာထင်ရှားစွာ ထိခိုက်စေမည့် စိုက်ပျိုးရေးလုပ်ငန်း ၊ ဓာတုပစ္စည်းများကို အသုံးပြုခြင်း

(ခ) စက်မှုလုပ်ငန်းများတွင် ညစ်ညမ်းပစ္စည်း၊ ဘေးအန္တရာယ်ရှိပစ္စည်းများ သယ်ယူပို့

ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ အသုံးပြုခြင်း၊ သန့်စင်ခြင်းနှင့်စွန့်ပစ်ခြင်း၊

(ဂ) သတ္တုစက်မှုတွင်းထွက်ကုန်ကြမ်းနှင့် ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်သန့်စင်ခြင်းလုပ်ငန်းများမှ ထွက်ပေါ်လာသော စွန့်ပစ်ပစ္စည်းများကိုစွန့်ပစ်ခြင်း

(ဃ) အညစ်အကြေးစွန့်ပစ်ရေးနှင့် သန့်စင်ရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်း၊

(င) ဖွံ့ဖြိုးရေးနှင့် တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ခြင်း၊

(စ) အခြားလိုအပ်သော ပတ်ဝန်းကျင်ညစ်ညမ်းမှုဆိုင်ရာ လုပ်ငန်းကိစ္စများ ဆောင်ရွက်ခြင်း။

ပုဒ်မ(၁၄)၊ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသူသည် ပတ်ဝန်းကျင်တွင် ညစ်ညမ်းမှုကို ဖြစ်စေသည့် ပစ္စည်းများကိုသတ်မှတ်ထားသည့် ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းများနှင့် အညီ သတ်မှတ်ချက်များအတိုင်းသန့်စင်ခြင်း၊ ထုတ်လွှတ်ခြင်း၊ စွန့်ပစ်ခြင်းနှင့် စုပုံခြင်းများ ပြုလုပ်ရမည်။

ပုဒ်မ(၁၅) ပတ်ဝန်းကျင် ညစ်ညမ်းမှုကို စောင့်ကြပ်ကြည့်ရှုရန် ၊ ထိန်းချုပ်ရန် ၊စီမံခန့်ခွဲရန်၊ လျော့ချရန် (သို့မဟုတ်)ပပျောက်စေရန် လုပ်ငန်းခွင်အထောက်အကူပစ္စည်း (သို့မဟုတ်) ထိန်းချုပ်ရေးပစ္စည်းကိရိယာကိုတပ်ဆင်ခြင်း (သို့မဟုတ်) သုံးစွဲခြင်းပြုရမည်။ ယင်းသို့ဆောင်ရွက်ခြင်းမပြုနိုင်ပါက စွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်ကို မထိခိုက်စေသော နည်းလမ်းများနှင့်အညီ စွန့်ပစ်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

ပုဒ်မ(၁၆) စက်မှုနယ်မြေရှိ လုပ်ကိုင်ဆောင်ရွက်သည့်ပုဂ္ဂိုလ် (သို့မဟုတ်)အဖွဲ့အစည်း သည်

(က) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေး ပြုပြင်တပ်ဆင်ရေး အပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်သတ်မှတ်သည့်ငွေ (သို့မဟုတ်) ပစ္စည်းထည့်ဝင်၍ ဆောင်ရွက်ရန် တာဝန်ရှိသည်။

(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သတ်မှတ်သည့် အသုံးပြုခ(သို့မဟုတ်)စီမံခန့်ခွဲမှု ကုန်ကျစရိတ်ကို ထည့်ဝင်ရမည်။

(ဂ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ထုတ်ပြန်သောညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။

အခန်း(၈) မြို့ပြဒေသပတ်ဝန်းကျင်စီမံခန့်ခွဲမှု

အခန်း(၉) သဘာဝသယံဇာတ အရင်းအမြစ်များနှင့် ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းခြင်း။

အခန်း(၁၀)ကြိုတင်ခွင့်ပြုချက်

အခန်း(၁၁) အာမခံ

အခန်း(၁၂)တားမြစ်ချက်

ပုဒ်မ(၂၀) မည်သူမျှဤဥပဒေအရ ကြိုတင်ခွင့်ပြုချက်ရယူရန်လိုအပ်သော လုပ်ငန်း(သို့မဟုတ်) စက်ရုံအလုပ်ရုံကို ကြိုတင်ခွင့်ပြုချက်မရှိဘဲ လုပ်ကိုင်ဆောင် ရွက်ခြင်းမပြုရ။

ပုဒ်မ(၂၉) မည်သူမျှ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေအမိန့်ကြော်ငြာတား မြစ်ချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်ခြင်းမပြုရ။ မည်သူမျှ ဝန်ကြီးဌာနကတားမြစ်ထားသော ပတ်ဝန်းကျင်ထိခိုက်စေသည့် ပစ္စည်းတစ်ခုအား ခွင့်ပြုချက်မရှိဘဲ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူခြင်း၊ ရောင်းဝယ်ခြင်းမပြုရ။

အခန်း(၁၃) ပြစ်မှုနှင့်ပြစ်ဒဏ်

ပုဒ်မ(၃၃)-

(က) မည်သူမဆို ပုဒ်မ(၃၂)အရ ပြစ်ဒဏ်စီရင်ခြင်းခံရလျှင် ယင်းပြုလုပ်မှု(သို့မဟုတ်) ပျက်ကွက်မှုကြောင့် ထိခိုက်နစ်နာမှုအတွက် လျော်ကြေးပေးစေရန် အမိန့်ချမှတ်ခံရမည်။

(ခ) ပုဒ်မခွဲ(က)အရ အမိန့်ချမှတ်ခြင်းခံရလျှင် ပေးလျော်ရမည့် လျော်ကြေးငွေကို ပေးရန် ပျက်ကွက်ပါက တည်ဆဲအခွန်အခ ဥပဒေများနှင့်အညီ အရ ကောက်ခံရမည်။

အခန်း(၁၄) အထွေထွေ

ပုဒ်မ(၃၅) ဤဥပဒေအရ ပြစ်မှုကျူးလွန်သူကို တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုမိန့်ရယူရမည်။

**<u>* ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၀၁၅)</u>**

ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းကို အမိန့်ကြော်ငြာစာအမှတ် -(၆၁၆/၂၀၁၅)၊ ၂၀၁၅ ၊ ဒီဇင်ဘာလ(၂၉)ရက်နေ့ တွင်ထုတ်ပြန်ထားသည်။

အခန်းပေါင်း(၁၁)ခန်းနှင့် နောက်ဆက်တွဲ (က)(ခ)(ဂ) တို့ဖြင့် ထုတ်ပြန်ထားသည်။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် **(EMP)**ကို လုပ်ထုံးလုပ်နည်း အပိုဒ်(၆၃)၊ (ဇ) (ဈ) နှင့်အညီ ရေးသားပြုစုရပြီး၊ အပိုဒ်(၇၇)တွင် ပါရှိသောသတ်မှတ်ချက်များကိုလည်း အတည်ပြုဝန်ခံချက်ပြုလုပ်ရပါသည်။

အခန်း(၅)တွင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဟု ဖော်ပြထားပြီး

- ပတ်ဝန်းကျင်ထိခိုက်မှုလုပ်ငန်းစဉ် အပိုဒ် ၄၄၊ ၄၅ ၊ ၄၆

- နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း အပိုဒ် ၄၇ ၊ ၄၈ ၊ (၄၉ (က)(ခ)(ဂ) (ဃ) (င) (စ) (ဆ) ၊ ၅၀(က)(ခ) ၊ ၅၁ (က) (ခ) (ဂ)(ဃ)(င) (စ) (ဆ) (ဇ) ၊ ၅၂ ၊ ၅၃၊ ၅၄(က) (ခ) ။
- ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအတွက် စုံစမ်းစစ်ဆေးခြင်း အပိုဒ် ၅၅ ၊ ၅၆ ၊ ၅၇ ၊ ၅၈ ၊ ၅၉ ၊ ၆၀ ၊ ၆၁(က) (ခ) (ဂ) (ဃ)
- ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာအတွက် လိုအပ်ချက် အပိုဒ် ၆၂ (က) (ခ) (ဂ)

အပိုဒ် ၆၃ (က) အကျဉ်းချုပ်အစီရင်ခံစာ
- (ခ) နိဒါန်း(၁)(၂)(၃)
- (ဂ) မူဝါဒ ၊ ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင် အပိုဒ်(၁)(၂)(၃)(၄)(၅)(၆)
- (ဃ) စီမံကိန်းအကြောင်းအရာ ဖော်ပြချက်နှင့်အခြားနည်းရွေးချယ်ခြင်း အပိုဒ်(၁)(၂)(၃)(၄)(၅)(၆)
- (င) အနီးပတ်ဝန်းကျင်အကြောင်းအရာဖော်ပြချက် အပိုဒ်(၁)(၂)(၃)(၄)(၅)(၆)(၇)(၈)(၉)(၁၀)(၁၁)
- (စ) ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုနှင့်ဘေးအန္တရာယ်ရှိမှု ဆန်းစစ်ခြင်းနှင့်လျော့နည်းစေရေးလုပ်ငန်းများ အပိုဒ်(၁)(၂) (ကက) (ခခ) (ဂဂ) (ဃဃ) (ငင)
- (ဆ) ဆက်စပ်သက်ရောက်မှုဆန်းစစ်ခြင်း အပိုဒ်(၁)(၂) (ကက) (ခခ) (ဂဂ) (ဃဃ)
- (ဇ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အပိုဒ်(၁)(၂)(၃)(၄)(၅)(၆)(ကက)(ခခ)(ဂဂ)(ဃဃ) (ငင)(စစ)(ဆဆ)
- (စ) အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းနှင့် သတင်းအချက်အလက်များ ထုတ်ဖော်တင်ပြခြင်း။ အပိုဒ်(၁)(၂)(၃)(၄)(၅)

- ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာတင်ပြခြင်း အပိုဒ် ၆၄ ၊ ၆၅ ၊ ၆၆

- ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာအပေါ် သုံးသပ်ချက်နှင့်အတည်ပြုခြင်း အပိုဒ် ၆၇ (က) (ခ) (ဂ) (ဃ) ၊ ၆၈ ၊ ၆၉ ၊ ၇၀ (က) (ခ) ။

အခန်း(၆) အယူခံခြင်း

- အပိုဒ် ၇၀ (က) (၁)(၂) (၃) ၊ အပိုဒ်၇၂ ၊ ၇၃ (က)(ခ)(ဂ) ၊ အပိုဒ် ၇၄ ၊ ၇၅။

အခန်း(၉) စောင့်ကြပ်ကြည့်ရှုခြင်း

- အပိုဒ် ၁၀၆ ၊ ၁၀၇ ၊ ၁၀၈ ၊ ၁၀၉ (က)(ခ)(ဃ)(င)(စ)၊ ၁၁၀

အခန်း(၁၀) မဟာဗျူဟာမြောက် ပတ်ဝန်းကျင်ဆိုင်ရာစစ်ဆေးခြင်း

- အခန်း (၁၁) စီမံခန့်ခွဲရေးဆိုင်ရာအရေးယူခြင်း။

- အပိုဒ် ၁၂၅ ၊ ၁၂၆ (က)(ခ) ၊ ၁၂၇ ၊ ၁၂၈ ၊ ၁၂၉ ၊ ၁၃၀၊ ၁၃၁ ။


ဟိုတယ်နှင့်ခရီးသွားဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ဟိုတယ်အခန်း (၈၀)နှင့်အထက် အခန်း(၂၀၀)အောက် (သို့မဟုတ်) အသုံးပြုဧရိယာ စတုရန်းမီတာ (၂)သိန်းနှင့် စတုရန်းမီတာ(၅)သိန်းအောက် ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်းပြုလုပ်ရန် လိုအပ်သည့် အရွယ်အစားဖြစ်သည်။ အခန်းနေရာနှင့်အထက် သို့မဟုတ် အသုံးပြုဧရိယာစတုရန်းမီတာ(၅)သိန်းနှင့်အထက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း **(EIA)**ပြုလုပ်ရန် လိုအပ်သည့်အရွယ်အစားဖြစ်သည်။

စီမံကိန်းအဆိုပြုသူသည် **(EMP)** ပြုစုပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန (ဝန်ကြီးဌာန)သို့ တင်ပြရမည်။ **(EMP)** စီစစ်သုံးသပ်ပြီးပါက အလုပ်လုပ်ရက် (၃၀)ရက်အတွင်း **(EMP)** သည် ပြည့်စုံမှုမရှိပါက ပြန်လည်ပြင်ဆင်တင်ပြစေခြင်း၊ **(EMP)** အား အတည်ပြုပြီးပါက ဆုံးဖြတ်ချက်ကို အများပြည်သူသိရှိအောင် ဖော်ထုတ်ခြင်း၊ စည်းကမ်းသတ်မှတ်ချက်များဖြင့် **(ECC)** လက်မှတ်ထုတ်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှု လိုင်စင်ရရှိရေး လုပ်ငန်းစဉ်ဆက်လက်ဆောင်ရွက်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုလိုင်စင်ရရှိပါက **(ECC)** ပါသတ်မှတ်ချက်များ **(EMP)** ပါအချက်များကို လိုက်နာဆောင်ရွက်ခြင်းတို့ဖြစ်သည်။

လိုက်နာရန် ပျက်ကွက်သည့်စီမံကိန်းများသည် ဤလုပ်ထုံးလုပ်နည်း အပိုဒ် (၁၂၅)အရ ဝန်ကြီးဌာနက ဒဏ်ကြေးငွေချမှတ်သည့်အခါ ချမှတ်သည့်ဒဏ်ကြေးငွေများကို နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အပြည့်အဝ ပေးဆောင်ရန် တာဝန်ရှိသည်။

# EMP သုံးသပ်ခြင်းနှင့် အတည်ပြုခြင်း

ပုံပြဇယား ၂(က)



လိုက်နာရန်ပျက်ကွက်သည့်အချက်(၁၂)ချက်တွင် ဒဏ်ကြေးငွေ ဝန်ကြီးဌာနက သီးခြားဆောင်ရွက်နိုင်သည့် စီမံခန့်ခွဲမှုဆိုင်ရာအရေးယူမှုများ ပြုလုပ်နိုင်သည်။

**<u>ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ(၂၀၁၄)</u>**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ ပုဒ်မ-၄၂၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေကိုထုတ်ပြန်လိုက်သည်။ အခန်းပေါင်း(၁၄)ခန်းနှင့် ပုဒ်မပေါင်း (၇၄)ခုပါဝင်သည်။

အခန်း(၁) ပုဒ်မ၂(ဆ)၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်

အခန်း(၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒချမှတ်ခြင်း

<u>အခန်း(၃) ပတ်ဝန်းကျင်ထိန်းသိမ်းရေး</u>

ပုဒ်မ(၇)မှ (၂၆)ထိ ဖော်ပြထားသည်။

ပုဒ်မ(၇) ။ ။ ကော်မတီသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးစည်းရုံးမှုများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာ အစိုးရဌာန ၊ အစိုးရအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည်။

(က) ကျောင်းများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဟောပြောပွဲများစီစဉ်ကျင်းပခြင်း၊

(ခ) သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်၊ ရေဒီယို ၊ ရုပ်မြင်သံကြား၊ အင်တာနက်စသည့် မီဒီယာများမှတဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာဖြန့်စေခြင်း။

(ဂ) မြို့ပြနှင့်ကျေးလက်ဒေသများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဟောပြောပွဲနှင့် ဆွေးနွေးပွဲအစီအစဉ်များ ရေးဆွဲချမှတ်၍ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ ၊ ကျောင်းအုပ်ချုပ်သူများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

(ဃ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရပ်နှင့် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်း။

(င) အခြားပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးစည်းရုံးလှုံ့ဆော်မှုများဆောင်ရွက်ခြင်း။

ပုဒ်မ(၁၃) ။ ။ ကော်မတီသည် ပတ်ဝန်းကျင်ထိခိုက်မှုများဖြစ်ပေါ်ခြင်း၊ သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးနိုင်သော အခြေအနေများ ဖြစ်ပေါ်ခြင်းတို့နှင့် စပ်လျဉ်း၍ပုဒ်မခွဲ (က)(ခ)(ဂ)တို့ဖြင့်ဖော်ပြထားသည်။

အခန်း(၄)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာဒေသဆိုင်ရာနှင့် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း၊ ပုဒ်မ (၂၇) (၂၈)(က)(ခ) ။

အခန်း(၅)

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုရန်ပုံငွေ ၊ ပုဒ်မ ၂၉(က)(ခ)(ဂ)(ဃ) ၊ ပုဒ်မ ၃၀ ၊ ၃၁၊ ၃၂ ၃၃ ၊ ၃၄ ၊ ၃၅ တို့ဖြင့် ဖော်ပြထားသည်။

ပုဒ်မ(၃၀) -

(က) ပတ်ဝန်းကျင်ထိခိုက်မှု ၊ ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသူက ကော်မတီ၏အတည်ပြုချက်ဖြင့် ပေးလျော်ရမည်။

(ခ) သဘာဝသယံဇာတ ထုတ်ယူသုံးစွဲသည့်လုပ်ငန်းများမှ အကျိုးအမြတ် တစိတ်တပိုင်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ထည့်ဝင်စေရေးအတွက် ကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်နိုင်သည်။

အခန်း(၆)။

ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ်အခြေအနေ ပုဒ်မ ၃၆(က)(ခ) ၊ ၃၇(က)(ခ) ၊

အခန်း(၇)။

ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းများ ၊ ပုဒ်မ ၃၈ (က)(ခ)(ဃ)၊ ပုဒ်မ ၃၉(က)(ခ)။

ပုဒ်မ(၃၈) ။ ။ (က)အရထုတ်ပြန်ထားသော ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်း သတ်မှတ်ချက်များကို လိုက်နာရမည်။

အခန်း(၈)

မြို့ပြဒေသပတ်ဝန်းကျင်စီမံခန့်ခွဲမှု ပုဒ်မ ၄၀(က)(ခ) ၊

အခန်း(၉)

စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု ၊ ပုဒ်မ ၄၁၊ ၄၂(က)(ခ)(ဂ) ၊ ပုဒ်မ ၄၃(က)(ခ)(ဂ)(ဃ)

ပုဒ်မ ၄၄ ၊ ၄၅ ၊ ၄၆(က)(ခ)(ဂ)(ဃ) ။

ပုဒ်မ(၄၂) ။ ။ (က) (ခ)တွင် စွန့်ပစ်အစိုင်အခဲ ၊ စွန့်ပစ်အရည် ထုတ်လွှတ်အခိုး အငွေ့ ပစ္စည်းများအား ပြုပြင်သန့်စင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန ၊ အစိုးရ အဖွဲ့အစည်းများ၊ပညာရှင်များနှင့်ပူးပေါင်း၍ ဆောင်ရွက်ရမည်။

ပုဒ်မ(၄၃) ။ ။ (က)(ခ) (ဂ)တွင် ဝန်ကြီးဌာနက သတ်မှတ်သည့်စည်းကမ်းချက် အတိုင်း စွန့်ပစ်အရည် ၊ အခိုးအငွေ့များကို သန့်စင်မှု ၊ ဘေးကင်းမှု ၊ ဖျက်ဆီးခြင်း၊ သိမ်းဆည်းခြင်း၊ ထားသိုခြင်း၊ သယ်ယူပို့ဆောင်ခြင်း ပြုလုပ်ရမည်။

အခန်း(၁၀)

သဘာဝ သယံဇာတအရင်းအမြစ်များနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းခြင်း ဟု ပုဒ်မ(၄၇) ၊ (၄၈)၊ (၄၉) ၊ (၅၀)ဖြင့် ဖော်ပြထားပါသည်။

အခန်း(၁၁)

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း - ဟု ပုဒ်မ (၅၁) (၅၂) (၅၃) (၅၄) (၅၅) (၅၆) (၅၇) (၅၈)(၅၉)(၆၀)(၆၁)တို့ဖြင့် ဖော်ပြထားပြီး၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်ရမည့် စီမံကိန်း စီးပွားရေး လုပ်ငန်း ဝန်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မှု အမျိုးအစားများကို ဝန်ကြီးဌာန ကသတ်မှတ်ပြီး လုပ်ဆောင်မှုများကိုဆုံးဖြတ်ပေးရသည်။

အခန်း(၁၂)

ကြိုတင်ခွင့်ပြုချက် ပုဒ်မ (၆၂) မှ (၆၈)ထိ ပြဌာန်းထားသည်။

ပုဒ်မ ၆၃ တွင် ဥပဒေပုဒ်မ ၂၁ နှင့် ဥပဒေပုဒ်မ ၆၂ အရ သတ်မှတ်သည့်လုပ်ငန်း ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူသည် ကြိုတင်ခွင့်ပြုချက်ထုတ်ပေးရန် လျှောက်လွှာပုံစံ (၁)ဖြင့် ဝန်ကြီးဌာနသို့ လျှောက်ထားရမည်။ ပုဒ်မ ၆၄ - စိစစ်၍ခွင့်ပြုပါက လိုက်နာရန် စည်းကမ်းချက်များသတ်မှတ်၍ ကြိုတင်ခွင့်ပြုချက်ပုံစံ(၂) ထုတ်ပေးရမည်။ မှတ်ပုံတင်၍ သိမ်းဆည်းထားရပါမည်။

ပုဒ်မ ၆၇၊ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းလုပ်ငန်း လုပ်ကိုင်လိုသူများသည် ပတ်ဝန်းကျင် ထိခိုက်မှု ရှိမရှိ နှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန၏ ကြိုတင်သဘောတူညီချက်ရရှိရန် ဆောင်ရွက်ရမည်။

ပုဒ်မ ၆၈-

ပတ်ဝန်းကျင် စီမံခန့်ခွဲမှုကောင်းမွန်ရေးအတွက် နည်းဥပဒေ ၅၂ ၊ ၅၃ နှင့် ၆၂

အရ မပါဝင်သည့် အသေးစားပုဂ္ဂလိကလုပ်ငန်း စက်ရုံအလုပ်ရုံများသည် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ ခွင့်ပြုချက်လိုင်စင် မလျှောက်မီ ပတ်ဝန်းကျင်ထိခိုက်မှုရှိ /မရှိ ဦးစီးဌာန၏ သဘောထားမှတ်ချက် ရယူရမည်။

အခန်း(၁၃) တားမြစ်ချက်

ပုဒ်မ ၆၉(က)၊ မည်သူမျှ ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသည့် ပစ္စည်းများကိုလည်းကောင်း၊ ဥပဒေနှင့် နည်းဥပဒေအရ ထုတ်ပြန်ထားသော ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်း သို့မဟုတ် ပစ္စည်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်နိုင်သည့် နေရာတွင် တစ်နည်းနည်းဖြင့် ထုတ်လွှတ်ခြင်း၊ စွန့်ပစ်ခြင်း၊ စုပုံခြင်းမပြုရ ။

(ခ) သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရမှတပါး ဂေဟာစနစ် နှင့် ယင်းစနစ်ကြောင့် ဖြစ်ပေါ်ပြောင်းလဲနေသော သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေနိုင်သည့် အပြုအမူများကို မည်သူမျှ ဆောင်ရွက်ခြင်းမပြုရ ။

အခန်း(၁၄)အထွေထွေ

ပုဒ်မ(၇၀) (၇၁) (၇၂) (၇၃) (၇၄) တို့ဖြင့်ဖော်ပြထားသည်။ ပုဒ်မ (၇၄)တွင် မည်သူမဆို ပတ်ဝန်းကျင်ထိခိုက်နိုင်သည့်ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း သို့မဟုတ် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း တွေ့ရှိပါက မြို့နယ်ထွေ/အုပ် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း သို့မဟုတ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံသို့သတင်းပေးပို့နိုင်သည်။

## <u>အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု ) လမ်းညွှန်ချက် ၂၀၁၅</u>

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အမိန့်ကြော်ငြာစာ အမှတ် (၆၁၅/၂၀၁၅) ၊ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ(၂၉)ရက်တွင် ထုတ်ပြန်သည်။

<u>အခန်း(၁) အထွေထွေပြဋ္ဌာန်းချက်များ</u>

၁။ ရည်ရွယ်ချက် ၂။ အဓိပ္ပါယ်ဖော်ပြချက် (က) ထိတွေ့ဝန်းကျင် (**Ambient**)ဆိုင်ရာပတ်ဝန်းကျင်စံချိန်စံညွှန်း (ခ) သိပ်သည်းပါဝင်မှုပမာဏ(ဂ) ညစ်ညမ်းမှုဖြစ်စေသည့်အရာ (ဃ) စွန့်ထုတ်ရေ (င)လမ်းညွှန်တန်ဘိုး(စ)ပါရာမီတာ

(ဆ) လိုက်နာမှုတ် (ဇ)ညစ်ညမ်းမှုကာကွယ်ခြင်း တို့ဖြစ်ပါသည်။

အပိုဒ်(၃)အသုံးပြုမှုနယ်ပယ်

အပိုဒ်(၃)(၄)(၅)(၆)(၇)(၈)တို့ဖြင့် ဖော်ပြထားသည်။

အခန်း(၂) အကောင်အထည်ဖော်မှု နည်းလမ်းများ ၊ အပိုဒ်(၉)(၁၀)(၁၁)(၁၂)(၁၃) တို့ဖြင့် ဖော်ပြထားသည်။

နောက်ဆက်တွဲ(က)

ထုတ်လွှတ်မှုလမ်းညွှန်ချက်များ(**Emission Guidelines**)

၁။ အထွေထွေလမ်းညွှန်ချက်များ (**General Guidelines**)

(၁-၁)ထုတ်လွှတ်အခိုးအငွေ့ (**Air Emission**) (က)(ခ) ၊ (၁-၂) စွန့်ပစ်ရေ (**Waste Water**) ၊ (၁-၃) ဆူညံသံ ၊ (၁-၄) အနံ့(**Odor**)။

၂။ လုပ်ငန်းကဏ္ဍ အလိုက်လမ်းညွှန်ချက်များ(**Industrial Specific Guidelines**)

(၂-၁) စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု

(၂-၁-၁) အပူငွေ့သုံးလျှပ်စစ်ဓါတ်အားထုတ်လွှတ်ခြင်းလုပ်ငန်း

(၂-၁-၂) ဘူမိအပူစွမ်းအင်သုံးလျှပ်စစ်ဓါတ်အားထုတ်လုပ်ခြင်းလုပ်ငန်း

(၂-၁-၃) လေစွမ်းအင်သုံး လျှပ်စစ်ဓါတ်အားထုတ်လုပ်ခြင်းလုပ်ငန်း(**Wine Power**)

(၂-၁-၄) ကုန်းတွင်းရေနံနှင့်သဘာဝဓါတ်ငွေ့ထုတ်လွှတ်ခြင်းလုပ်ငန်း (**On Shore Oil and Gas**)

(၂-၁-၅) ကမ်းလွန်ရေနံနှင့် သဘာဝဓါတ်ငွေ့ထုတ်လုပ်ခြင်းလုပ်ငန်း (**offshore Oil and Gases**)

(၂-၁-၆) ရေနံချက်စက်ရုံလုပ်ငန်း **Petroleum Refining**

(၂-၁-၇) သဘာဝဓါတ်ငွေ့ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း (**Natural gas Processing**)

(၂-၁-၈) သဘာဝဓါတ်ငွေ့ရည်ထုတ်လုပ်ခြင်းလုပ်ငန်း

(၂-၁-၉) ရေနံစိမ်းနှင့် ရေနံထုတ်ကုန် သယ်ပို့သိုလှောင်စခန်းလုပ်ငန်း

(၂-၁-၁၀) လျှပ်စစ်ဓါတ်အားထုတ်လွှတ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်း

(၂-၁-၁၁) သဘာဝဓါတ်ငွေ့ဖြန့်ဖြူးခြင်းလုပ်ငန်း

(၂-၁-၁၂) ရေနံဓါတ်ငွေ့ရည် (**LPG**) သဘာဝဓါတ်ငွေ့အရည် (**CNG**) အပါအဝင် စက်သုံးဆီအရောင်းဆိုင်လုပ်ငန်း

(၂-၁-၁၃) ရေနံအခြေပြုအော်ဂန်းနစ်ဓါတုပစ္စည်းများ ထုတ်လွှတ်ခြင်းလုပ်ငန်း

<u>(၂-၂)လယ်ယာစိုက်ပျိုးရေး တိရိစ္ဆာန်မွေးမြူရေးနှင့်သစ်တောလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး</u>

(၂-၂-၁) သီးနှံ/စက်မှုသီးနှံစိုက်ပျိုးထုတ်လွှတ်ခြင်းလုပ်ငန်း၊ (၂-၂-၂)ရာသီသီးနှံစိုက်ပျိုးထုတ်လွှတ်ခြင်းလုပ်ငန်း၊ (၂-၂-၃) နို့တိုက်တိရိစ္ဆာန်မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း (၂-၂-၄) ကြက်ဘဲနှင့် အခြားစီးပွားဖြစ်ငှက်မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း (၂-၂-၅) ရေထွက်ကုန်လုပ်ငန်း (၂-၂-၆) သစ်တောပြုစု ခုတ်လှဲခြင်းလုပ်ငန်း ။

<u>(၂-၃) ကုန်ထုတ်လုပ်မှု (**Manufacturing**)</u>

(၂-၃-၁) အစားအစာနှင့် အဖျော်ယမကာထုတ်လုပ်ခြင်း၊ (၂-၃-၁. ၁) အသားထုတ်လုပ်ခြင်းလုပ်ငန်း ၊ (၂-၃-၁. ၂)ကြက်/ဘဲအသားထုတ်လုပ်ခြင်းလုပ်ငန်း၊ (၂-၃-၁. ၃)ငါးထုတ်လုပ်ခြင်းလုပ်ငန်း၊ (၂-၃-၁. ၄) အစားအစာနှင့်အဖျော်ယမကာထုတ်လုပ်ခြင်းလုပ်ငန်း ၊(၂-၃-၁. ၅)နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း၊ (၂-၃-၁. ၆) အသီးအရွက်မှစားသုံးဆီ ထုတ်လုပ်ခြင်းလုပ်ငန်း (၂-၃-၁. ၇)သကြားထုတ်လုပ်ခြင်းလုပ်ငန်း ၊ (၂-၃-၁. ၈) ဘီယာနှင့် အရက်ချက်လုပ်ငန်း

<u>(၂-၃-၂) အဝတ်အထည် ချည်ထည်နှင့်သားရေထည်လုပ်ငန်း၊</u>

(၂-၃-၂. ၁) ချည်မျှင်နှင့် အထည် ထုတ်လုပ်ခြင်းလုပ်ငန်း (၂-၃-၂. ၂)သားရေနယ်စက်ရုံလုပ်ငန်း၊

<u>(၂-၃-၃) သစ်အခြေခံပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း</u>

(၂-၃--၃. ၁)သစ်စက်နှင့်သစ်အချောထည်ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်း ၊ (၂-၃-၃. ၂) သစ်သားပြားနှင့် သစ်အပိုင်းအစ အခြေခံထုတ်ကုန်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း၊ (၂-၃-၃. ၃) ပျော့ဖတ်နှင့် စက္ကူထုတ်လုပ်ခြင်းလုပ်ငန်း ၊ (၂-၃-၃. ၄)ပုံနှိပ်လုပ်ငန်း

<u>(၂-၃-၄) ဓါတုပစ္စည်းထုတ်လုပ်ခြင်း</u>

(၂-၃-၄. ၁) ဩော်ဂဲနစ်မဟုတ်သော ဓါတုပစ္စည်းပမာဏအမြောက်အမြားထုတ်လုပ်ခြင်းနှင့်ကတ္တရာစေးထုတ်လုပ်ခြင်းလုပ်ငန်း၊ (၂-၃-၄. ၂) ရေနံအခြေပြု ပေါ်လီမာထုတ်လုပ်ခြင်းလုပ်ငန်း၊ (၂-၃-၄. ၃) ကျောက်မီးသွေးသန့်စင်ပြုပြင်သန့်စင်ထုတ်လုပ်ခြင်းလုပ်ငန်း ၊ (၂-၃-၄. ၄)နိုက်ထရိုဂျင်ပါဝင်သော ဓါတ်မြေသြဇာထုတ်လုပ်ခြင်းလုပ်ငန်း၊ (၂-၃-၄. ၅) ဖော့စဖိတ်ဓါတ်မြေသြဇာ ထုတ်လုပ်ခြင်းလုပ်ငန်း၊ (၂-၃-၄. ၆) ပိုးသတ်ဆေးအမျိုးမျိုး

ထုတ်လုပ်ခြင်း၊ဖော်စပ်ခြင်းနှင့် ထည့်သွင်းထုပ်ပိုးခြင်းလုပ်ငန်း ၊ (၂-၃-၄. ၇)ပိုလီယိုခါတုပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း၊ (၂-၃-၄. ၈)ဆေးဝါးဖော်စပ်ခြင်းနှင့် ဇီဝနည်းပညာဆိုင်ရာလုပ်ငန်း ။

<u>(၂-၃-၅)ဖန်ထည်နှင့်ကြွေထည်မြေထည်ထုတ်လုပ်ခြင်း</u>

(၂-၃-၅. ၁) မှန် ၊ ဖန်မျှင်နှင့် **Mineral Fibre** ထုတ်လုပ်ခြင်းလုပ်ငန်း၊
(၂-၃-၅. ၂) ကြွေထည်မြေထည် ကြွေပြားနှင့် သန့်ရှင်းရေးသုံးပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း၊

<u>(၂-၃-၆)ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းထုတ်လုပ်ခြင်း</u>

(၂-၃-၆. ၁) ဘိလပ်မြေနှင့်ထုံးထုတ်လုပ်ခြင်းလုပ်ငန်း

<u>(၂-၃-၇)သတ္တုစက်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်ခြင်း</u>

(၂-၃-၇. ၁)အခြေခံသတ္တုအရည်ကျိုခြင်းနှင့် သန့်စင်ခြင်းလုပ်ငန်း
(၂-၃-၇. ၂) သံမဏိစက်ရုံလုပ်ငန်း
(၂-၃-၇. ၃) သတ္တုအရည်ကျိုပုံလောင်းခြင်းလုပ်ငန်း
(၂-၃-၇. ၄) သတ္တုပလတ်စတစ်နှင့် ရော်ဘာထုတ်ကုန်လုပ်ငန်း
(၂-၃-၇. ၅) တပိုင်းလျှပ်ကူးပစ္စည်းနှင့်အခြားအီလက်ထရောနစ်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း

<u>(၂-၄) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု</u>

(၂-၄-၁) အစိုင်အခဲစွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုလုပ်ငန်း ၊ (၂-၄-၂) စွန့်ပစ်ရေသန့်စင်မှုလုပ်ငန်း၊ (၂-၄-၃) ဇီဝအစိုင်အခဲများနှင့် အနည်အနှစ်စွန့်ပစ်ခြင်း

<u>(၂-၅)ရေဖြန့်ဝေခြင်း</u>

(၂-၅-၁) သောက်သုံးရေသန့်စင်မှုလုပ်ငန်း

<u>(၂-၆)အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု</u>

(၂-၆-၁) သင်္ဘောသွားလာရေးလုပ်ငန်း၊ (၂-၆-၂) သင်္ဘောဆိပ် ဆိပ်ကမ်းနှင့် ဆိပ်ခံတံတားလုပ်ငန်း၊ (၂-၆-၃) ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း (၂-၆-၄) ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ၊ (၂-၆-၅) ရထားပို့ဆောင်ရေးလုပ်ငန်း၊ လေဆိပ်လုပ်ငန်း ၊ (၂-၆-၇)လေကြောင်းလိုင်းလုပ်ငန်း ၊ (၂-၆-၈) လမ်းဖောက်လုပ်ခြင်းလုပ်ငန်း။

<u>(၂-၇) သတ္တုတူးဖော်ထုတ်လုပ်ခြင်း(**Mining** )</u>

ဆောက်လုပ်ရေးပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း ၊ (၂-၇-၂)သတ္တုရိုင်းနှင့်

တွင်းထွက်ပစ္စည်းများထုတ်လုပ်ခြင်းလုပ်ငန်း

<u>နောက်ဆက်တွဲ(ခ)</u>

ယူနစ်ဇယား (**Unit Table**) တို့ဖြင့် ဖော်ပြထားသည်။

လုပ်ငန်းကဏ္ဍအလိုက် စွန့်ထုတ်အရေအဆင့်သတ်မှတ်ချက် (**Effluent Levels**) နှင့် ထုတ်လွှတ်အခိုးအငွေ့အဆင့်သတ်မှတ်ချက်များ (**Air Emission Levels**) တို့ကို ဇယားအလိုက်ဖော်ပြထားသည်။

## <u>တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ (၁၉၉၄)</u>

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် (၁၉၉၄)ခုနှစ်၊ ဇွန်လ(၈)ရက်နေ့တွင် ပြဋ္ဌာန်းထားသည်၊ ဤဥပဒေကို ဇီဝမျိုးစုံ မျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေဆိုင်ရာ ဥပဒေ ၂၀၁၈ ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

၂၀၁၈ ခုနှစ်၊ မေလ(၂၁)ရက်နေ့တွင် ပြဋ္ဌာန်းသည့် အခန်း (၁၃)နှင့် ပုဒ်မ(၅၃)ခု ပါဝင်သည်။

အခန်း(၁)အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက်၊ (၂)ရည်ရွယ်ချက် (၃)ကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ (၄)သဘာဝထိန်းသိမ်းရေးနယ်မြေများသတ်မှတ်ခြင်းနှင့် တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များတည်ထောင်ခြင်း (၅) ကာကွယ်ထားသည့် တောရိုင်း တိရစ္ဆာန်နှင့် သဘာဝအပင်များ (၆) အမဲလိုက်ခြင်း၊ (၇) တိရစ္ဆာဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်တည်ထောင်လုပ်ကိုင်ခွင့် (၈) မှတ်ပုံတင်ခြင်း (၉) စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း၊ (၁၀)အယူခံခြင်း (၁၁) ပြစ်မှုနှင့်ပြစ်ဒဏ် (၁၂) ကင်းလွတ်ခွင့် (၁၃) အထွေထွေတို့ဖြစ်သည်။

ပုဒ်မ(၃)ပါ ဥပဒေ၏ရည်ရွယ်ချက် ပုဒ်မ(က)(ခ)(ဂ)(ဃ)(င) (စ)(ဆ) တို့ကို လိုက်နာရပါမည်။

ပုဒ်မ(၁၄) ။ ညွှန်ကြားရေးမှူးချုပ်သည် သဘာဝထိန်းသိမ်းရေးနယ်မြေများအား သဘာဝ

အခြေခံ ခရီးသွားလုပ်ငန်းနှင့် စပ်ဆိုင်သော လုပ်ငန်းများအတွက် ပုဒ်မ(၁၃)၊ ပုဒ်မခွဲ(ဇ) အရ ခွင့်ပြုချက်ထုတ်ပေးသည့်အခါ လိုက်နာရမည့် စည်းကမ်းချက်များကို တပါတည်း ထုတ်ပြန်သတ်မှတ်ပေးပါသည်။

ပုဒ်မ(၃၉) အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် ထောင်ဒဏ်(၃)နှစ်မပို နှင့် ငွေဒဏ် (၂)သိန်းမှ (၅)သိန်း ဒဏ်(၂)ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

(က) လိုင်စင်မရှိဘဲ အမဲလိုက်ခြင်း (ခ)အမဲလိုက်ခွင့်လိုင်စင် စည်းကမ်းချက် တစ်ရပ်ရပ်ကို ချိုးဖောက်ခြင်း (ဂ) မျိုးဆက်ပျက်သုန်းမည့်အန္တရာယ်ရှိသဖြင့် ကာကွယ်ထိန်းခ ချုပ်သည့် တောရိုင်းတိရိစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ စီးပွားရေးအလို့ငှာ မွေးမြူခြင်း။

(ဃ) သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း မြေဆီလွှာထု၊ ရေထု ၊ လေထုကို တမင်ညစ်ညမ်းစေခြင်းရေစီးရေလာ ပျက်စီးစေခြင်း ၊ သို့မဟုတ် မြေတွင် အဆိပ်ခတ်ခြင်း လျှပ်စစ်ဓါတ်အားကို ဖြတ်စီးစေခြင်းနှင့် ဓါတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ် သော အရာများအသုံးပြုခြင်း၊ (င) သဘာဝထိန်းသိမ်းနယ်မြေအတွင်း အဆိပ်အတောက် ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ ၊ ဓါတ်သတ္တု အညစ်အကြေးကိုဖြစ်စေ လက်ဝယ်ထား ခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊ (စ) တိရိစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကိုလုပ်ငန်း လိုင်စင်မရှိဘဲ တည်ထောင်လုပ်ကိုင်ခြင်း၊ (ဆ) ကွန်ဗင်းရှင်း၏ စီမံအုပ်ချုပ်မှု အခွင့်ရ ပုဂ္ဂိုလ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသူက ထုတ်ပေးသော စာရွက်စာတမ်း အမှတ်အသား အချက်အလက်နှင့် ကိန်းဂဏာန်းများကို မသမာနည်းဖြင့် ပြင်ဆင်ခြင်း ၊ ဖြည့်စွက်ခြင်း၊ သို့မဟုတ် အတုအပပြုလုပ်ခြင်း (ဇ) နိုင်ငံတကာ ကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရိစ္ဆာန်နှင့်အပင်များ ၊ ယင်းတို့၏မျိုးစိတ်နမူနာများ၌ပြုလုပ်ထားသော အမှတ်သားကို ပြောင်းလဲခြင်း၊ ဖျက်ဆီးခြင်း၊ သို့မဟုတ် ပျက်စီးစေခြင်း၊ (ဈ) ပြည်ပမျိုးတောရိုင်းတိရိစ္ဆာန် နှင့် သဘာဝအပင်များကိုဖြစ်စေ၊ ယင်းတို့၏အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းသို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသောပစ္စည်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ တင်သွင်းခြင်း၊ မွေးမြူ ခြင်း၊ စိုက်ပျိုးခြင်း၊ သို့မဟုတ် ၊ လက်ဝယ်ထားရှိခြင်း၊

ပုဒ်မ(၄၀) ပုဒ်မခွဲ(က) (ခ) (ဂ) (ဃ) တစ်ရပ်ရပ်ကို ကျူးလွန်လျှင် ထောင်ဒဏ် (၅)နှစ်မပိုနှင့် အနည်းဆုံးကျပ်(၃)သိန်းမှ (၁၀)သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်

လုံးဖြစ်စေ ချမှတ်ရမည်။

ပုဒ်မ(၄၁) ပုဒ်မခွဲ(က) (ခ) (ဂ) တစ်ရပ်ရပ်ကို ကျူးလွန်လျှင် ထောင်ဒဏ်အနည်းဆုံး (၃)နှစ်မှ (၁၀)နှစ်ထိအပြင်ငွေဒဏ်လည်းချမှတ်နိုင်သည်။

ပုဒ်မ(၄၂) ပုဒ်မခွဲ(က)(ခ) တစ်ရပ်ရပ်ကျူးလွန်လျှင် ထောင်ဒဏ်(၃)နှစ်မပိုနှင့်ငွေဒဏ် (၁)သိန်းမှ (၃)သိန်းထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ပုဒ်မ(၄၃) မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ကျူးလွန်လျှင် တစ်နှစ်ထက်မပိုသောထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ်(၇)သောင်းမှ (၂)သိန်းဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်။ မည်သူမဆို ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်လျှင်ဖြစ်စေ ၊ပူးပေါင်းကြံစည်လျှင်ဖြစ်စေ၊ အားပေးကူညီလျှင်ဖြစ်စေ ၊ ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့်ပြစ်ဒဏ်အတိုင်းချမှတ်ခံရမည်။

ပုဒ်မ(၄၅) တရားရုံးဥပဒေအရ တရားစွဲပြစ်ဒဏ်ခံရလျှင် ပုဒ်မခွဲ(က)(ခ)(ဂ)(ဃ) အရ လျော်ကြေးငွေနှင့် ပစ္စည်းဥစ္စာများ ပြည်သူပိုင်အဖြစ် သိမ်းဆည်းခံရမည်။ ပုဒ်မ(၄၈) အရ ဖမ်းဆီးရမိသော သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ တရားဝင်ပိုင်ဆိုင်ကြောင်းနှင့် လက်ဝယ်ထားခွင့်ရှိကြောင်း သက်သေပြရန် တာဝန်ရှိသည်။

## ကျန်းမာရေးဥပဒေ

## ပြည်သူ့ကျန်းမာရေးဥပဒေ (၁၉၇၂)

၁၉၇၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေကို ၁၉၇၂၊ ဇန်နဝါရီလ(၁၂)ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီမှ ထုတ်ပြန်ကြေငြာသည်။

အခန်းပေါင်း(၆)ခန်းနှင့် ဥပဒေပုဒ်မ (၁၇)ချက်ဖြင့် ပြဋ္ဌာန်းထားပါသည်။

### အခန်း(၂)ပြည်သူတို့၏ကျန်းမာရေးကို ကာကွယ်ခြင်း

ပုဒ်မ(၃)တွင် အခြားတည်ဆဲ ဥပဒေများတွင် မည်သို့ပင်ရှိစေကာမူ အစိုးရသည် လုပ်သားပြည်သူတို့၏ ကျန်းမာရေးကို ပိုမိုတိုးတက်ကောင်းမွန်လာစေရန်လည်းကောင်း၊ လုပ်သားပြည်သူတို့၏ ကျန်းမာရေးကို ထိခိုက်ခြင်းမှ ကာကွယ်ရန်လည်းကောင်း၊

အောက်တွင် ဖော်ပြသော ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို အကြံပေးခြင်း၊ စစ်ဆေးခြင်း ကြီးကြပ်ခြင်း၊ ပြုပြင်ခြင်း၊ တားမြစ်ခြင်း၊ စသည့်လုပ်ငန်းတို့ကို လုပ်ဆောင်ရမည်။

<u>ပုဒ်မခွဲ(၁)</u>

<u>ပတ်ဝန်းကျင် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများ</u>

(က) လူအများနေထိုင်ရာပတ်ဝန်းကျင်တွင် အမှိုက်သရိုက် အညစ်အကြေး များကို သိမ်းဆည်းစွန့်ပစ်ခြင်း၊

(ခ ) လူအများအတွက် သောက်သုံးသောရေများကို အပြည်ပြည်ဆိုင်ရာ စံချိန်မှီ သတ်မှတ်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း။

(ဂ ) လူအများနေထိုင်ရာ ပတ်ဝန်းကျင်လေထုတွင် လူတို့ကိုဘေးအန္တရာယ်ဖြစ်စေမည့်အခိုးအငွေ့ အနံ့အသက်၊ အမှုန်အမွှား ၊ အသံဗလံနှင့် ဓါတ်ရောင်ခြည်များကြောင့် ညစ်ညမ်းခြင်းမှ ကာကွယ်ခြင်း၊

(ဃ) မြို့ရွာစည်ပင်သာယာရေး အိမ်ရာဆောက်လုပ်ခြင်းနှင့် လုပ်သားပြည်သူတို့ သွားလာနေထိုင်အသုံးပြုသည့် အဆောက်အဦး (သို့မဟုတ်) နေရာများ၏ ကျန်းမာသန့်ရှင်းရေးအတွက် ဆောင်ရွက်ခြင်းတို့ဖြစ်ပါသည်။

**<u>ပုဒ်မ(၃)၊ ပုဒ်မခွဲ(၄)</u>**

**<u>ကူးစက်ရောဂါများနှင့်ပတ်သက်သည့်ကိစ္စများ</u>**

(က) ကူးစက်ရောဂါပြန့်ပွားခြင်းကို နှိမ်နင်းကာကွယ်ရန်အလို့ငှာ အခါအားလျော်စွာဒေသအလိုက် တိုင်ကြားရမည့် ရောဂါအမည်စာရင်းများကို ထုတ်ပြန်ကြေငြာခြင်း။

(ခ ) ကူးစက်ရောဂါကာကွယ်ရေးအလို့ငှာ စုံစမ်းလေ့လာခြင်း၊ လုပ်သားပြည်သူတစ်ရပ်လုံး ကာကွယ်ဆေးထိုးသည့် အစီအစဉ်ချမှတ်ခြင်း၊ ကာကွယ်ဆေးထိုးခြင်း၊ ပိုးမွှားတိရိစ္ဆာန်များ သုတ်သင်ခြင်းနှင့်အခြားလိုအပ်သော လုပ်ငန်းများဆောင်ရွက်ခြင်း။

(ဂ) လုပ်သားပြည်သူတို့၏ ကျန်းမာရေးကို စိုးရိမ်ဖွယ်ရာကူးစက်ရောဂါ ကျရောက်နိုင်သည့် အခြေအနေရှိလျှင် (သို့မဟုတ်) ကူးစက်ရောဂါဖြစ်ပွားနေလျှင် အစိုးရသည် ပြည်နယ်၊ တိုင်း၊ ခရိုင် ၊မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ သို့မဟုတ် ဒေသတစ်ခုခုကို ကျန်းမာရေးအတွက် စိုးရိမ်ရသော အရေးပေါ်ဒေသဟု အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်းနှင့် လိုအပ်သော ရောဂါကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းတို့ဖြစ်ပါသည်။

**<u>အခန်း(၃)၊ ပုဒ်မ(၄)</u>**

**<u>လုပ်ပိုင်ခွင့်နှင့်တာဝန်များ</u>**

အစိုးရသည် ဤဥပဒေ၌ ပြဋ္ဌာန်းထားသည့် မည်သည့်ကိစ္စရပ်ကိုမဆို ဆောင်ရွက်ရန် ။

(က) လိုအပ်သည့်အဖွဲ့အစည်းများ ဖွဲ့စည်း၍ ယင်းသို့ဖွဲ့စည်းသည့်အဖွဲ့အစည်းများအား သက်ဆိုင်ရာကိစ္စရပ်များအတွက် အကြံပေးခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်စေခြင်း၊ ပြုပြင်စေခြင်း၊ တားမြစ်စေခြင်း၊ ဖျက်ဆီးစေခြင်းတို့အတွက် တာဝန်ပေးအပ်နိုင်ခွင့်ရှိသည်။

(ခ) မည်သည့်အစိုးရဌာန အစိုးရလက်အောက်ခံအဖွဲ့အစည်းများသို့မဆို တာဝန်ပေးအပ်နိုင်ခွင့်ရှိသည်။

**ပုဒ်မ(၅)**

ဤဥပဒေအရ ဖွဲ့စည်းထားသောအဖွဲ့အစည်းများကသော်လည်းကောင်း၊ ၎င်းအဖွဲ့အစည်းများမှ တာဝန်ပေးအပ်ထားခြင်း ခံရသူများကသော်လည်းကောင်း၊ ဤဥပဒေအရ တာဝန်ပေးအပ်ထားခြင်းခံရသော အစိုးရဌာနများနှင့် အစိုးရလက်အောက်ခံအဖွဲ့အစည်းများကသော်လည်းကောင်း၊ ပတ်ဝန်းကျင်ကျန်းမာရေးဆိုင်ရာ လုပ်ငန်း များနှင့် ပတ်သက်သည့် ကိစ္စများဆိုင်ရာ ဥပစာ နေရာအဆောက်အဦးများကို အချိန်အခါမရွေး ဝင်ရောက်စစ်ဆေးညွှန်ကြားခွင့်ရှိသည်။

**အခန်း(၄)**

နည်းဥပဒေများဖြင့် မှတ်ယူရမည့် တည်ဆဲဥပဒေများ၏ ပြဋ္ဌာန်းချက်များ

**အခန်း(၆)**

၁။ ၁၉၁၇ ခုနှစ်၊ ကိုယ်ပိုင်သူနာပြုဂေဟာများ မှတ်ပုံတင်အက်ဥပဒေ
၂။ The Dangerous Drugs Act.
၃။ The Epidemic Diseases Act.
၄။ The Food and Drugs.
၅။ The Food and Drugs ( Amendment) Act 1949.
၆။ The Ghee Adulteration Act.
၇။ The Leprosy Act.
၈။ The Vaccination Act.

**ပုဒ်မ(၇)**

၁။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ

၂။ The Animal Pest Act
၃။ The Burma Merchant Shipping Act.
၄။ The Burma Aircralt Act.
၅။ The City of Rangoon Municipal Act.
၆။ The Cantonments Act.
၇။ The Municipal Act.
၈။ The Ports Act
၉။ The Rural Self-Government Act.
၁၀။ The Railways Act.
၁၁။ The Towns Act.
၁၂။ The Village Act.

**အခန်း(၅)**

**ပြစ်ဒဏ်နှင့် အရေးယူနည်းများဆိုင်ရာပြဋ္ဌာန်းချက်**
**ပုဒ်မ(၉)၊ ပုဒ်မခွဲ(၁)**

အခြားတည်ဆဲ တရားဥပဒေများတွင် မည်သို့ပင်ရှိစေကာမူ မည်သူမဆို ပုဒ်မ (၆) နှင့် (၇)တွင် ဖော်ပြထားသော ဥပဒေများနှင့် ယင်းဥပဒေများအရ ပြုသည့် သို့မဟုတ် ထုတ်သည့် ပြည်သူ့ကျန်းမာရေးနှင့်သက်ဆိုင်သော နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ ၊ အမိန့် (သို့မဟုတ်) ညွှန်ကြားချက်များပါ ပြဋ္ဌာန်းချက်တစ်ခုကိုသော်လည်းကောင်း ၎င်းဥပဒေနှင့် ဥပဒေအရပြုသည့် (သို့မဟုတ် ) ထုတ်သည့်နည်းဥပဒေ၊ စည်းမျဉ်း ဥပဒေ စည်းကမ်းဥပဒေ၊ အမိန့် (သို့မဟုတ်) ညွှန်ကြားချက်များပါ ပြဋ္ဌာန်းချက် တစ်ခုခုကို သော်လည်းကောင်း လိုက်နာရန် ပျက်ကွက်လျှင် (သို့မဟုတ်) ဖောက်ဖျက်ကျူးလွန်လျှင် (သို့မဟုတ်) ဖောက်ဖျက်ကျူးလွန်ရန် ကြိုးပမ်းအားထုတ်လျှင် (သို့မဟုတ်)သိလျှက်နှင့် ဖြစ်စေ ၊ သိနိုင်လောက်သော အကြောင်းများရှိလျှက်နှင့်ဖြစ်စေ၊ ယင်းပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်စေရန် သူတပါးကို အားပေးကူညီလျှင် ၊ သက်ဆိုင်ရာပြစ်ဒဏ်အသီးသီးကို ခံယူရမည်ဖြစ်ပါသည်။

**ကူးစက်ရောဂါကာကွယ်ထိန်းသိမ်းရေးဥပဒေ(၁၉၉၅)**

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေကို (၁၉၉၅)ခုနှစ်၊ မတ်လ(၂၀)ရက်နေ့တွင် ပြဋ္ဌာန်းလိုက်သည်။ အခန်း(၉)ခန်းပါရှိသည်။ ပုဒ်မ(၂၂)ပါရှိသည်။

အခန်း(၁)တွင် ပုဒ်မ(၂)၊ ပုဒ်မခွဲ(က)(ခ)(ဂ)တို့တွင် ကူးစက်ရောဂါ အဓိကကူးစက်မြန်ရောဂါ ၊တိုင်ကြားရမည့် ကူးစက်ရောဂါဟု ဖော်ပြထားပါသည်။

အခန်း(၂)တွင် ကြိုတင်ကာကွယ်ခြင်း၊ ပုဒ်မ(၃)တွင် ကျန်းမာရေးဦးစီးဌာနသည် ကူးစက်ရောဂါဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန် အောက်ပါလုပ်ငန်းတို့ကို စီမံကိန်းများ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(က) ကလေးသူငယ်များအား ကာကွယ်ဆေးထိုးခြင်း၊ ကာကွယ်ဆေးတိုက်ကျွေးခြင်း၊

(ခ) လိုအပ်ပါက အရွယ်ရောက်သူများကိုပါ ကာကွယ်ဆေးထိုးခြင်း၊ ကာကွယ်ဆေးတိုက်ကျွေးခြင်း၊

(ဂ) ကူးစက်ရောဂါဆိုင်ရာ ကျန်းမာရေး ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း။

**- ပုဒ်မ(၇)**

အဓိက ကူးစက်မြန်ရောဂါ (သို့မဟုတ်) တိုင်ကြားရမည့် ရောဂါဖြစ်ပွား သည့်အခါ

(က) ကျန်းမာရေးဦးစီးဌာနသည် ရောဂါကူးစက်ပြန့်နှံ့မှုကို နှိမ်နင်းရန် အများပြည်သူတို့၏ ကာကွယ်ဆေးထိုးခြင်းနှင့် အခြားလိုအပ်သော အစီအမံများ ချမှတ်ဆောင်ရွက်ခြင်းပြုရန် ။

(ခ) အများပြည်သူတို့သည် ပုဒ်မခွဲ(က)အရ ကျန်းမာရေးဦးစီးဌာန၏ ဆောင်ရွက်ချက်များကို လိုက်နာရမည်။

အခန်း(၄)တွင် ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်ခြင်းကို ဖော်ပြထားသည်။

အခန်း(၅)တွင် ကူးစက်ရောဂါပြန့်ပွားကြောင်း ဖော်ပြထားသည်။

**- ပုဒ်မ(၆)**

အိမ်ထောင်ဦးစီး (သို့မဟုတ်) အိမ်ထောင်စုဝင် တစ်ဦးဦးသည် အောက်ပါကိစ္စတစ်ရပ်ရပ်ဖြစ်ပွားကြောင်း သိရှိပါက အနီးစပ်ဆုံး ကျန်းမာရေးဌာန(သို့မဟုတ်)ဆေးခန်းသို့ ချက်ခြင်းတိုင်ကြားရမည်။

(က)ကြွက်ကျခြင်း (ခ) အဓိကကူးစက်မြန်ရောဂါဖြစ်ပွားခြင်း (ဂ)တိုင်ကြားရမည့် ကူးစက်ရောဂါဖြစ်ပွားခြင်း။

အခန်း(၆)တွင် အဓိကကူးစက်ရောဂါ ဖြစ်ပွားခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်းအား

ဖော်ပြထားပြီး၊

အခန်း(၇)တွင် အသွားအလာတားမြစ်ပိတ်ပင်ခြင်း၊ ကန့်သတ်ခြင်း ဖော်ပြထားပါသည်။

အခန်း(၈) ပြစ်ဒဏ်များကိုဖော်ပြထားပါသည်။

ပုဒ်မ(၁၅)တွင် မည်သူမဆို ပုဒ်မ(၄)၊ ပုဒ်မခွဲ(ဃ)အရ ကျန်းမာရေးဦးစီးဌာန၏ ဆောင်ရွက်ချက်များတစ်စုံတစ်ရာကို လိုက်နာရန် ပျက်ကွက်လျှင်ငွေဒဏ်ကျပ်(၁၀၀ဝ) အထိချမှတ်နိုင်သည်။

ပုဒ်မ(၁၆) မည်သူမဆိုပုဒ်မ(၅)တွင် ပုဒ်မခွဲ(ဓ)၊ ပုဒ်မခွဲ(ဈ)၊ ပုဒ်မခွဲ(ည)အရ လိုက်နာရန် ပျက်ကွက်လျှင် ထောင်ဒဏ်(၆)လအထိဖြစ်စေ ၊ ငွေဒဏ်(၁၀၀ဝ)ထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ပုဒ်မ(၁၇)တွင် ပုဒ်မ(၉)နှင့် ပုဒ်မ(၁၀)ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်သူများသည် ထောင်ဒဏ် (၁)လဖြစ်စေ၊ ငွေဒဏ် ကျပ်(၅၀၀ဝ)ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ပုဒ်မ(၁၈)တွင် ပုဒ်မ(၁၄)အရ သက်ဆိုင်ရာအဖွဲ့အစည်း(သို့မဟုတ်)အရာရှိက ထုတ်ပြန်သော တားမြစ်ပိတ်ပင်ကန့်သတ်သည့် အမိန့်ကို ကျူးလွန်လျှင် ထောင်ဒဏ်ဖြစ်စေ ၊ ငွေဒဏ်ကျပ် (၁၀၀၀ဝ)ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ပုဒ်မ(၁၉)တွင် ကူးစက်ရောဂါနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို ဤဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဟု ဖော်ပြထားပါသည်။

**<u>ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဥပဒေ (၂၀၀၆)</u>**

- နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၀၆ ခုနှစ်၊ မေလ (၄)ရက်နေ့တွင် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ပြန်ဌာန်းလိုက်သည် ။ အခန်း(၉)ခန်းနှင့် ပုဒ်မ (၂၀)ပါရှိသည်။

အခန်း(၂)တွင်-

ဤပုဒ်မ(၃)တွင် ဤဥပဒေ၏ရည်ရွယ်ချက်ကိုဖော်ပြထားပါသည်။

(က) ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုကြောင့် ကျန်းမာရေးထိခိုက်စေနိုင်ကြောင်း အများပြည်သူသို့ သဘောပေါက်ပြီး ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးခြင်းမှ ရှောင်ကြဉ်စေရန်

(ခ) ကျန်းမာရေးကို ထိခိုက်စေသည့် အန္တရာယ်မှ ကာကွယ်ရန် ။

(ဂ) ကျန်းမာရေး၊ ကျန်းမာသောနေထိုင်မှု ဘဝရရှိစေရန် (ဃ)ကျန်းမာရေး၊

လူမှုရေးစီးပွားရေး အဆင့်အတန်းမြင့်မားလာစေရန် ( င)အပြည်ပြည်ဆိုင်ရာကွန်းဗန်းရှင်းနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်တို့ဖြစ်သည်။

အခန်း(၃)တွင်

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး ဗဟိုအဖွဲ့ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များကိုဖော်ပြထားသည်။

အခန်း(၄)တွင်

ဆေးလိပ်သောက်ခွင့်မရှိသော နေရာများဖော်ပြထားပြီး အခန်း(၅)တွင် ကျန်းမာရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များဖော်ပြထားသည်။

ပုဒ်မ(၈)၊ ပုဒ်မခွဲ(ခ)၌ ဤဥပဒေပါရည်ရွယ်ချက်များနှင့်အညီ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

ပုဒ်မခွဲ(ဃ) ဆေးလိပ်သောက်ခွင့်မရှိသော နေရာကိုလည်းကောင်း၊ ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာကိုလည်း သိရှိနိုင်ရန် ဖော်ညွှန်းသည့်စာတမ်းနှင့်အမှတ်အသားများကို သတ်မှတ်ခြင်း။

ပုဒ်မခွဲ(ဂ)ဆေးလိပ်ထုတ်တွင် ကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်း မြန်မာဘာသာဖြင့် သတိပေးစာတမ်းကိုလည်းကောင်း၊ အခြားသတိပေးချက်ကိုလည်းကောင်း သတ်မှတ်ခြင်း၊

အခန်း(၆)တွင် - တာဝန်ခံပုဂ္ဂိုလ်၏လုပ်ငန်းတာဝန်များဖော်ပြထားပြီး၊ ပုဒ်မ(၉) တွင် ပုဒ်မ(၆)(၇)တွင် ဖော်ပြထားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး၊ ပုဒ်မ(၀)၊ ပုဒ်မခွဲ(ဂ) (ဃ)တွင် ဆေးလိပ်သောက်ခွင့်မရှိသောနေရာ၌ ကြပ်မတ်ဆောင်ရွက်ခြင်းနှင့်ကြီးကြပ်ရေးအဖွဲ့၏ စစ်ဆေးခံခြင်းတို့ကို ဖော်ပြထားပါသည်။

အခန်း(၈)၌ ပြစ်မှုနှင့်ပြစ်ဒဏ်များဖော်ပြထားပြီး ပုဒ်မ(၁၂)တွင် အောက်ပါ တစ်ခုခုကျူးလွန်လျှင် (၂)နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ ၊ ဒဏ်(၂)ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(က) စစ်ဆေးသည့်ကြီးကြပ်ရေးအဖွဲ့၏ အဖွဲ့ဝင် တစ်ဦးဦးကို ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ တားဆီးခြင်း (သို့မဟုတ်)လက်ရောက်မှု ကျူးလွန်ခြင်း

(ခ) ဆေးလိပ်သောက်ခွင့်မပြုသော နေရာ၌ ဆေးလိပ်သောက်ခြင်းမပြုရန် ကြပ်မတ်ဆောင်ရွက်သော တာဝန်ခံပုဂ္ဂိုလ်ကို ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ တားဆီးခြင်း (သို့မဟုတ်)လက်ရောက်မှုကျူးလွန်ခြင်း

ပုဒ်မ(၁၆) မည်သည့်တာဝန်ခံပုဂ္ဂိုလ်မဆို ပုဒ်မ(၉)ပါ တာဝန်တစ်ရပ်ရပ်ကို ပျက်ကွက်လျှင် ပထမအကြိမ်တွင် ငွေဒဏ်ကျပ်(၁၀၀၀)မှ ကျပ်(၃၀၀၀)ထိ ၊ ဒုတိယအကြိမ်နှင့်အထက်တွင် ကျပ်(၃၀၀၀)မှ (၁၀၀၀၀)ထိချမှတ်ရမည်။ ပုဒ်မ (၁၇)တွင် ပုဒ်မ (၆) (၇)ပါ ဆေးလိပ်သောက်ခွင့်မရှိသော နေရာတစ်ခုခုတွင် ဆေးလိပ်သောက်ခြင်း (သို့မဟုတ်) မီးညှိထားသည့်ဆေးလိပ်ကိုင်ဆောင်ခြင်းပြုလျှင် ဒဏ်ငွေကျပ်(၁၀၀၀)မှ (၅၀၀၀)ထိ ချမှတ်ရမည်။

အခန်း(၉) အထွေထွေတွင်ပုဒ်မ (၁၈)၊ ပုဒ်မခွဲ(က)၌ ဤဥပဒေအခန်း(၈)ပါ ပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ်သတ်မှတ်သည်။

## Underground Water Act,1930

(၁၉၃၀) ခု၊ ဇွန်လ(၂၁)ရက်နေ့တွင် သယံဇာတကို ထိန်းသိမ်းဖို့ မြေအောက်ရေအက်ဥပဒေ **Underground Water Act,1930**ကို ပြဋ္ဌာန်းထားသည်။ မြေအောက်ရေ အက်ဥပဒေ (၁၉၃၀) ခါတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေးဥပဒေ (၂၀၀၉) စံချိန်စံညွှန်း သတ်မှတ်ခြင်းဆိုင်ရာ မြေအောက်ရေမဆင်မခြင် ထုတ်ယူသုံးစွဲမှုနှင့်အနာဂါတ်၏ သဘာဝပတ်ဝန်းကျင် မြေအောက်ရေ စီမံခန့်ခွဲမှု ဥပဒေကြမ်းနှင့် စက်ရေတွင်း ရေသုံးစွဲသူများ **Ministery of information** ပြန်ကြားရေးဝန်ကြီးဌာန ၊ ၂၀၂၀ ၊ဇန်နဝါရီလ(၁၁)ရက် မြေအောက်ရေစီမံခန့်ခွဲမှု ဥပဒေကြမ်းကို စီစဉ်ရေးဆွဲခဲ့သည်။ အင်္ဂလိပ်အစိုးရသည်။ မြေအောက်ရေသုံးစွဲရေးကို ကြီးကြပ်ဖို့ရန် မြေအောက်ရေအရာရှိ ခန့်ထားပါသည်။ မြေအောက်ရေအရာရှိက အဝီစိတွင်း တူးဖော်ဖို့ လျှောက်ထားလာပါက တူးဖော်သုံးစွဲဖို့ သင့်မသင့်စစ်ဆေးပြီး လိုင်စင်ထုတ်ပေးရပါသည်။

**ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ(၂၀၀၆)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် -၈/၂၀၀၆ အောက်တိုဘာလ (၂)ရက်နေ့တွင် ပြဋ္ဌာန်းသည် ။

အခန်း(၇)ခန်းနှင့် ပုဒ်မ (၃၆)တို့ပါဝင်သည်။

အခန်း(၂) - ပုဒ်မ ၃(ဃ)တွင် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကို ကာကွယ်ရန်ဖော်ပြထားသည်။

အခန်း(၃) - ပုဒ်မ ၄(ဆ)တွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးအတွက် မြန်မာနိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်ရန်ရှိသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ ၊ ဒေသဆိုင်ရာသဘောတူစာချုပ်များ၊ နှစ်နိုင်ငံသဘောတူစာချုပ်များနှင့်အညီ ဆောင်ရွက်ခြင်း။

အခန်း(၄) - ပုဒ်မ ၅(ဂ)တွင် ဦးစီးဌာနတွင် မြစ်ချောင်းအတွင်းနှင့် မြစ်ချောင်းအနီးတို့တွင် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်းမရှိစေရန် စီမံဆောင်ရွက်ခြင်း။

ပုဒ်မ ၅(ဇ)တွင် ရေထုညစ်ညမ်းမှု မဖြစ်ပေါ်စေရေးအတွက် သတ်မှတ်ပေးခြင်းနှင့်ကြီးကြပ်ကွပ်ကဲခြင်း၊ ပုဒ်မ ၆(ဆ)တွင် စီးပွားရေးအလို့ငှာ သယံဇာတထုတ်ယူခြင်းလုပ်ငန်းမှာ လုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားခြင်းအပေါ် မြစ်ချောင်းရေလမ်းကြောင်းများ ထိခိုက်နိုင်ခြင်းရှိ မရှိ စိစစ်၍ထောက်ခံချက်ပေးရပါမည်။

အခန်း(၅) တားမြစ်ချက်များထုတ်ပြန်ထားပါသည်။

မည်သူမျှ ပုဒ်မ၈ (က)(ခ)၊ ပုဒ်မ ၉ ၊ ၁၀၊ ပုဒ်မ ၁၁(က)(ခ)(ဂ) ၊ ပုဒ်မ -၁၂ ၊ ၁၃ ၊ ၁၄ ၁၅ ၊ ၁၆(က) (ခ) ၊ ပုဒ်မ ၁၇ ၊ ၁၈ ၊ ၁၉ ၊၂၀ (က)(ခ) ၊ ၂၁(က)(ခ) ၊ ၂၂ ၊ ၂၃ (က)(ခ)(ဂ) ၊ ၂၄(က)(ခ) တို့ဖြင့် မလုပ်ဆောင်ရန် တားမြစ်ထားသည်။

ပုဒ် ၁၁(က)တွင် သဘာဝ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးခြင်းဖြစ်စေသည့်စက်သုံးဆီ ဓါတုပစ္စည်း အဆိပ်သင့်ပစ္စည်း နှင့်အခြားပစ္စည်းစွန့်ပစ်ခြင်း ၊ သို့မဟုတ်၊ ပေါက်ကွဲစေတတ်သော ပစ္စည်းများစွန့်ပစ်ခြင်းမပြုရ၊

ပုဒ်မ ၁၁(ခ) အဆိပ်သင့်သော ပစ္စည်းတစ်မျိုးမျိုးဖြင့်ဖြစ်စေ၊ ပေါက်ကွဲစေတတ်သောပစ္စည်းဖြင့် ဖောက်ခွဲ၍ဖြစ်စေ ရေနေ သတ္တဝါအား ဖမ်းဆီးခြင်းမပြုရ။

ပုဒ်မ ၁၁(ဂ) - သယံဇာတထုတ်ယူခြင်းမှ စွန့်ပစ်မြေဇာများ ၊ အခြားပစ္စည်းများကို မြစ်ချောင်းအတွင်းသို့ စွန့်ပစ်ခြင်းမပြုရ။

အခန်း(၆) -ပြစ်ဒဏ်များ

ပုဒ်မ ၂၅ - မည်သူမဆို ပုဒ်မ ၈ ၊ ၉ ၊ ၁၅ သို့မဟုတ် ပုဒ်မ ၂၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူအား (၃)နှစ်ထက်မပိုသော ထောင်ဒဏ် ကျပ်ငါးသောင်းထက်မပိုသောငွေဒဏ် ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်နိုင်သည်။

ပုဒ်မ ၂၆ ၊ မည်သူမဆို ပုဒ်မ ၁၀၊ ၁၁ ၊ ၁၂၊ ၁၃ သို့မဟုတ် ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင်(၂)နှစ်ထက်မပိုသော ထောင်ဒဏ် ကျပ်(၃)သောင်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

ပုဒ်မ ၂၇ - မည်သူမဆို ပုဒ်မ ၁၆ ၊ ၁၇ ၊ ၁၈ ၊ ၁၉ ၊ ၂၀ ၊ ၂၁၊ ၂၂ သို့မဟုတ် ပုဒ်မ ၂၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် တစ်နှစ်ထက်မပိုသော ထောင်ဒဏ် ၊ ကျပ်တစ်သောင်းထက်မပိုသောငွေဒဏ် ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

ပုဒ်မ၂၈ - မည်သူမဆို ပုဒ်မ ၂၅ ၊ ၂၆ ၊ သို့မဟုတ် ပုဒ်မ ၂၇ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး၊ တစ်စုံတစ်ရာပျက်စီးဆုံးရှုံးမှုရှိပါက သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်သောငွေဒဏ်အပြင် ဆုံးရှုံးမှုလျော်ကြေးအဖြစ် ပေးဆောင်ရန်ထည့်သွင်းချမှတ်ရမည်။ လျော်ကြေးငွေပေးဆောင်ခြင်းမပြုပါက ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၃၈၆ အရ ဒဏ်ငွေကဲ့သို့ ကောက်ခံရမည်။ မည်သူမဆို ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်လျှင်ဖြစ်စေ၊ ပူးပေါင်းကြံစည်၍ ပြုလုပ်လျှင် ဖြစ်စေ၊ ပြစ်မှုကိုကျူးလွန်ရန် အားပေးကူညီလျှင်ဖြစ်စေ ဤဥပဒေတွင် ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့်ပြစ်ဒဏ်ချမှတ်ခံရမည်။

အခန်း(၇) အထွေထွေ-

ပုဒ်မ ၃၀ တွင် လုပ်ငန်းလိုအပ်ချက်အရ မြစ်ချောင်းများနှင့် ကမ်းပါးနယ်၊ ကမ်းနားနယ်အတွင်း ရေနုတ်မြောင်းဖောက်ခြင်း၊ မြစ်ရေသုံးစွဲခြင်း၊ မြစ်ကူးတံတားတည်ဆောက်ခြင်း၊ မြေအောက်ပိုက်လိုင်းဆက်သွယ်ခြင်း၊ လျှပ်စစ်ဓါတ်အားလိုင်းဆက်သွယ်ခြင်း၊ ကြေးနန်းလိုင်း ဆက်သွယ်တူးဖော်ခြင်း ပြုလုပ်လိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ မထိခိုက်အောင် ပို့ဆောင်ရေး ဝန်ကြီးဌာန၏ သဘောတူညီချက်ကို ရယူပြီးမှ ဆောင်ရွက်ရမည်။

ပုဒ်မ ၂၅ - ဤဥပဒေအရ တရားစွဲဆိုသောပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က ရဲအရေးယူပိုင်သော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

(က) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန်

(ခ) ရှေးဟောင်းနေရာ တည်ရှိရာဇုန်

(ဂ) ကာကွယ်ထိန်းသိမ်းထားသောဇုန်

အခန်း(၄)

အခန်း(၄)တွင်ယဉ်ကျေးမှုအမွေအနှစ်ဒေသ ကာကွယ်ထိန်းသိမ်းခြင်းဟုဖော်ပြထားပါသည်။

ပုဒ်မ(၆)၊ ယဉ်ကျေးမှုဝန်ကြီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ၏ မြင်ကွင်းကိုလည်းကောင်း၊ ပတ်ဝန်းကျင်သဘာဝမြင်ကွင်းကိုလည်းကောင်းအနှောင့်အယှက်ဖြစ်စေသည့် ရှေးဟောင်းမဟုတ်သည့်အဆောက်အအုံကို ဖျက်သိမ်းစေနိုင်သည်။

ပုဒ်မ(၇) သက်ဆိုင်ရာ ဂေါပကအဖွဲ့က ထိန်းသိမ်းစောင့်ရှောက်လျှက်ရှိသော ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံကို မူလလက်ရာမပျက်ဘဲ ထိန်းသိမ်းရန် ယင်းအဖွဲ့အား ညွှန်ကြားနိုင်သည်။

ပုဒ်မ(၈) ယဉ်ကျေးမှုအမွေအနှစ်ဒေသတွင်အဆောက်အအုံ ဆောက်လုပ်ရာ၌ လိုက်နာရမည့် စည်းကမ်းချက်များကို ဒေသအလိုက်သတ်မှတ်နိုင်သည်။ ပုဒ်မ(၉) ဦးစီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ ရှေးဟောင်းနေရာများကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်။ ပုဒ်မ(၁၀) ဦးစီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသတွင် သတ်မှတ်သည့်နယ်နိမိတ်အတွင်း မည်သူမျှ ထွန်ယက်စိုက်ပျိုးခြင်းမပြုရဟုလည်းကောင်း၊ ယဉ်ကျေးမှုအမွေအနှစ်ကို ထိခိုက်စေသည့် ဆောင်ရွက်မှုတစ်စုံတစ်ရာ မပြုလုပ်ရဟုလည်းကောင်း တားမြစ်နိုင်သည်။

ပုဒ်မ(၁၁)၊ ဦးစီးဌာနသည် ယဉ်ကျေးမှုဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အောက်ပါကိစ္စများကို ဆောင်ရွက်ရမည်။

(က)ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တစ်ခု၏ ပရဝုဏ်နယ်နိမိတ်ကို သတ်မှတ်ခြင်း (ခ) ပုဒ်မခွဲ(က)အရ သတ်မှတ်သည့်ပရဝုဏ်အတွင်းတွင် ဖွင့်လှစ်သောဆိုင်များက လိုက်နာရမည့် စည်းကမ်းချက်များသတ်မှတ်ခြင်း ။

အခန်း(၆)တွင်၊ ကြိုတင်ခွင့်ပြုချက်လျှောက်ထားခြင်း၊ စိစစ်ခြင်းနှင့် ထုတ်ပေးခြင်းဟုဖော်ပြထားသည်။

## ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ (၁၉၉၈)

(၁၉၉၈)ခုနှစ်စက်တင်ဘာလ(၁၀)ရက်တွင် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ပြဋ္ဌာန်းလိုက်သည်။ အခန်း(၉)ခန်းနှင့် ပုဒ်မ(၃၀)ပါရှိပါသည်။

(က) ပုဒ်မ(၂)၊ ပုဒ်မခွဲ(က) ယဉ်ကျေးမှုအမွေအနှစ် (ခ)ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ (၁၈၈၆ ခုနှစ်မတိုင်မီက တည်ရှိသော ယဉ်ကျေးမှုအမွေအနှစ်) (ဂ)ရှေးဟောင်းနေရာ (၁၈၈၆ ခု မတိုင်မီက တည်ရှိသော ယဉ်ကျေးမှုအမွေအနှစ်) (ဃ)ရှေးဟောင်းအထိမ်းအမှတ် အဆောက်အဦးပရဝုဏ် (င)ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိဇုံ (စ) ရှေးဟောင်းနေရာတည်ရှိရာဇုံ (ဆ)ကာကွယ်ထိန်းသိမ်း ထားသောဇုံ (ဇ) ယဉ်ကျေးမှုအမွေအနှစ်ဒေသ ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်သည့် ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာ ဇုန် သို့မဟုတ် ရှေးဟောင်းနေရာ တည်ရှိရာ ဇုံ သို့မဟုတ် ကာကွယ်ထိန်းသိမ်းထားသောဇုန်ကို ဆိုသည်။

အခန်း(၂) ရည်ရွယ်ချက်

ပုဒ်မ(၃) ဤဥပဒေပါရည်ရွယ်ချက်များမှာ -

(က) ယဉ်ကျေးမှုအမွေအနှစ်တည်တံ့စေရန် ကာကွယ်ထိမ်းသိမ်းရေးဆိုင်ရာ မူဝါဒ အကောင်အထည်ဖော်ရန် ။

(ခ) သဘာဝဘေးအန္တရာယ်၊ လူတို့ပြုလုပ်မှုကြောင့် ယဉ်ကျေးမှုအမွေအနှစ်များ ပျက်စီး ခြင်းမှ ကာကွယ်ထိန်းသိမ်းရန်။

(ဂ) နိုင်ငံသားများအမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစေရန်နှင့်မျိုးချစ်စိတ်ဓါတ် ရှင်သန် ထက်မြက်ရန်။

(ဃ) ပြည်သူတို့၏ အသိစိတ်တွင် ယဉ်ကျေးမှုအမွေအနှစ်ဒေသကာကွယ်ထိန်းသိမ်းရေး၏ တန်ဘိုးကြီးမားမှုကိုနားလည်ခံယူနိုင်ရန် ။

(င) ယဉ်ကျေးမှုအမွေအနှစ်ဖျက်ဆီးမှုမခံရစေရန်အတွက် အကာအကွယ်ပေးရန်

(စ) အပြည်ပြည်ဆိုင်ရာ ကွန်ဗန်းရှင်းနှင့်အညီ ဆောင်ရွက်ရန်တို့ဖြစ်ပါသည်။

အခန်း(၃)တွင် ယဉ်ကျေးမှုအမွေအနှစ်ဒေသသတ်မှတ်ခြင်းဟု ဖော်ပြထားပြီး၊ ပုဒ်မ(၄) အရ ယဉ်ကျေးမှုဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ယဉ်ကျေးမှု ဒေသအဖြစ် အောက်ပါဇုန်များကို အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်နိုင်သည်။

ပုဒ်မ(၁၇)တွင် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် ဤဥပဒေအရ ကြိုတင်ခွင့်ပြုချက် လျှောက်ထားသည့်ကိစ္စနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို အခြေခံလျှောက် စိစစ်ရမည်။

(က) ယဉ်ကျေးမှုအမွေအနှစ်ဒေသ၏မြင်ကွင်းကို ထိခိုက်ပျက်စီးစေနိုင်ခြင်းရှိ -မရှိ (ခ) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ (သို့မဟုတ်)ရှေးဟောင်းနေရာနှင့် လွတ်ကင်းခြင်း (ဂ) ပတ်ဝန်းကျင်သဘာဝမြင်ကွင်းကို အဟန့်အတားအနှောင့်အယှက်ဖြစ်စေနိုင်ခြင်း ရှိ-မရှိ (ဃ) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၏ ထည်ဝါခန့်ညားမှုကို ထိခိုက်စေနိုင်ခြင်း ရှိ -မရှိ (င)ယဉ်ကျေးမှုအမွေအနှစ်များ၏ လုံခြုံမှုကို ထိခိုက်စေနိုင်ခြင်း ရှိ -မရှိ (စ)ပတ်ဝန်းကျင်ကို ညစ်ညမ်းမှုဖြစ်စေနိုင်ခြင်း ရှိ -မရှိ

အခန်း(၇) တားမြစ်ချက်များ ဖော်ပြထားပါသည်။

အခန်း(၈) ပြစ်မှုနှင့် ပြစ်ဒဏ်များဖော်ပြထားပါသည်။

ပုဒ်မ(၂၇)တွင် မည်သူမဆို ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် တရားရုံး၌ အောက်ပါအမိန့်တစ်ခုခုကိုလည်း ချမှတ်ရမည်။

(က)တည်ဆောက်ထားသည့်အဆောက်အအုံကို ဖျက်သိမ်းစေခြင်း။ (ခ) တိုးချဲ့ထားသည့်အဆောက်အအုံ သို့မဟုတ် ဝင်းခြံနယ်နိမိတ်ကို မူလအတိုင်း ပြန်လည်ပြုစေခြင်း (ဂ) ပုံသဏ္ဌာန်ပြောင်းလဲပြင်ဆင်ထားသည့် အဆောက်အအုံ သို့မဟုတ် မြေကို မူလပုံသဏ္ဌာန်အတိုင်း ပြန်လည်ပြုလုပ်စေခြင်း။

ပုဒ်မ(၂၈) မည်သူမဆို ပုဒ်မ(၂၇)အရ ချမှတ်သည့်အမိန့်ကို လိုက်နာ၍ပျက်ကွက်လျှင် ယင်းအမိန့်ကို လိုက်နာရန် ပျက်ကွက်သည့်နေ့အသီးသီးအတွက် တစ်နေ့ ကျပ်ငွေဒဏ်ကျပ်(၅၀၀)မှ ကျပ်(၁၀၀၀)ထိ ချမှတ်ခံရမည်။

<u>ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (၂၀၁၅)</u>

ပြည်ထောင်စုလွှတ်တော်သည် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (၂၂)ရက်နေ့တွင် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ။ အခန်း(၉)ခန်း ၊ ပုဒ်မ (၂၉)ထိ ပါဝင်သည်။

အခန်း(၁) ပုဒ်မ(၂) ၊ ပုဒ်မခွဲ(က)၊ ရှေးဟောင်းဝတ္ထုပစ္စည်း (ခ) မြန်မာ့မူရင်း မဟုတ်သော ရှေးဟောင်းဝတ္ထုပစ္စည်း၊ (ဂ) ပြတိုက် (ဃ) ကာကွယ်ထိန်းသိမ်းရေးဟု ဖော်ပြထားသည်။

အခန်း(၄) ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းခြင်း၊ အပ်နှံခြင်း၊ လက်ခံခြင်း၊

ပုဒ်မ(၅)တွင် ဝန်ကြီးဌာနသည် အောက်ပါတို့ကို ဆောင်ရွက်ရမည်။

(က) ရှေးဟောင်းဝတ္ထုပစ္စည်းများကို ကာကွယ်ထိန်းသိမ်းခြင်း၊ တူးဖော်ခြင်း၊ ရှာဖွေစုဆောင်းခြင်းနှင့် သုတေသနပြုခြင်း (ခ) ရှေးဟောင်းဝတ္ထုပစ္စည်းများ တရားမဝင်သောနည်းဖြင့် ပြည်ပသို့ မရောက်ရှိစေရေးနှင့် ပြည်ပသို့တရားမဝင်ရောက်ရှိသွားသော ရှေးဟောင်းဝတ္ထုပစ္စည်းများ ပြန်လည်ရရှိရေးတို့ကို ဆောင်ရွက်ခြင်း (ဂ) ရှေးဟောင်းဝတ္ထုပစ္စည်းများကို ပြည်သူလူထုက ဂုဏ်ယူမြတ်နိုး တန်ဖိုးထားလိုသော စိတ်ဓါတ်နှင့်ကာကွယ်ထိန်းသိမ်းလိုသော စိတ်ဓါတ်များဖြစ်ပေါ်ရန် ပညာပေးခြင်း။

ပုဒ်မ(၆)တွင် ဝန်ကြီးဌာနသည် ရှေးဟောင်းဝတ္ထုပစ္စည်း တစ်ခုခုနှင့်စပ်လျဉ်း၍ အခွန့်ရှည်တည်တံ့စေရေးအတွက် အောက်ပါအတိုင်းဆောင်ရွက်နိုင်သည်။

(က) သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ညှိနှိုင်း၍ ရှေးဟောင်းဝတ္ထုပစ္စည်းများကို ကာကွယ်ထိန်းသိမ်းခြင်း

(ခ) ရှေးဟောင်း ဝတ္ထုတစ်ခုခုကို ပြုပြင်မွမ်းမံရန်နှင့် လုံခြုံစွာထိန်းသိမ်းထားရန် အလို့ငှာ ပိုင်ရှင်၏သဘောတူညီချက်ဖြင့် ရွှေ့ပြောင်းထားရှိခြင်း။

(ဂ) ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူမရှိသော ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခုကို နိုင်ငံတော်ပိုင်အဖြစ် သတ်မှတ်၍ ကာကွယ်ထိန်းသိမ်းခြင်း

(ဃ) ရှေးဟောင်းအမွေအနှစ်ဆိုင်ရာတန်ဖိုးမြင့်မားသည့် နည်းဥပဒေအရ သတ်မှတ်ထားသော ရှေးဟောင်းဝတ္ထုပစ္စည်းများကို အမျိုးသားပြတိုက်နှင့် ယဉ်ကျေးမှုဝန်ကြီးဌာနပြတိုက်များတွင် ထိန်းသိမ်းထားရှိခြင်းနှင့် ခင်းကျင်းပြသခြင်း ။

(င) ဒေသဆိုင်ရာ ပြတိုက်များတွင် မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်စေသည့် ရှေးဟောင်းဝတ္ထုပစ္စည်းများကို ပြသနိုင်ရန် ညွှန်ကြားခြင်း

(စ) နိုင်ငံတော်အတွင်း ဒေသအသီးသီးမှတွေ့ရှိရသော ရှေးဟောင်းဝတ္ထုပစ္စည်းများကို ထိန်းသိမ်းထားရှိရန်နှင့် ခင်းကျင်းပြသရန် ဝတ္ထုပစ္စည်းနှင့် နေရာရွေးချယ်မှုကို သက်ဆိုင်ရာတိုင်း ဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့နှင့်ညှိနှိုင်း၍ အတည်ပြုဆုံးဖြတ်ခြင်း

အခန်း(၈) ပြစ်မှုပြစ်ဒဏ်များ ဖော်ပြထားပါသည်။

ပုဒ်မ(၁၉)၊ ပုဒ်မ(၁၂)ပါ ပြဋ္ဌာန်းချက်နှင့် ရှေးဟောင်းပစ္စည်း သတင်းပို့ရန်ပျက်ကွက်သူကို အနည်းဆုံးကျပ်(၁)သိန်းမှ အများဆုံးကျပ်(၃)သိန်းအထိ ငွေဒဏ် သတ်မှတ်ချမှတ်နိုင်သည်။

ပုဒ်မ(၂၀)တွင် မည်သူမဆို ဤဥပဒေပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ သို့မဟုတ် ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သက်ဆိုင်ရာ ကျူးလွန်သည့် ပြစ်မှုအတွက် ဤဥပဒေတွင်ပြဋ္ဌာန်းထားသောပြစ်ဒဏ်ကို ချမှတ်ရမည်။

အခန်း(၉)အထွေထွေ

ပုဒ်မ(၂၁)တွင် ဝန်ကြီးဌာနသည် ရှေးဟောင်း ဝတ္ထုပစ္စည်းနှင့်စပ်လျဉ်း၍ မူလပိုင်ရှင်ရှိသော ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများကို တရားမဝင် တင်သွင်းမှု တင်ပို့မှုနှင့်လွှဲပြောင်းမှု တားဆီးကာကွယ်ရေးကော်မရှင်နှင့်အညီ

(က) မူလပိုင်ရှင်သူ ဖြစ် ကြောင်းအထောက်အထား ခိုင်လုံစွာ တင်ပြတောင်းခံလာသော နိုင်ငံတစ်ခုခု၊ အဖွဲ့အစည်း တစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား အဆိုပါပစ္စည်းကို ဥပဒေနှင့်အညီ ပြန်လည်လွှဲ ပြောင်းပေးအပ်နိုင်သည်။

(ခ) မည်သည့်နိုင်ငံ၊ ဌာန ၊ အဖွဲ့အစည်း သို့မဟုတ် ၊ ပုဂ္ဂိုလ်ကမျှ တင်ပြတောင်းခံခြင်းမရှိလျှင် ယင်းပစ္စည်းကို နိုင်ငံတော်ပိုင်အဖြစ် သိမ်းယူ၍ သင့်လျော်သလို စီမံခန့်ခွဲဆောင်ရွက်နိုင်သည်။

(ဂ) ပြည်ပနိုင်ငံများသို့ ရောက်ရှိနေသည့် မြန်မာ့မူရင်းဖြစ်သော ရှေးဟောင်းဝတ္ထုပစ္စည်းများအား ပြန်လည်တောင်းခံနိုင်သည်။

ပုဒ်မ(၂၂)တွင် ဝန်ကြီးဌာနသည် ရှေးဟောင်းဝတ္ထုပစ္စည်းတည်ရှိသည်ဟု ပေါ်ပေါက်သော် မြေကို သို့မဟုတ် ထိုမြေ၏တစ်စိတ်တစ်ဒေသကို တည်ဆဲ ဥပဒေနှင့်အညီ နိုင်ငံတော်အကျိုးငှာ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

ပုဒ်မ(၂၃)တွင် ရှေးဟောင်း ဝတ္ထုပစ္စည်းတစ်ခုခုတွေ့ရှိပြီး သတင်းပို့သူ သို့မဟုတ် အပ်နှံသူအား ယင်းပစ္စည်းနှင့်စပ်လျဉ်း၍ပိုင်ရှင်ဟု မှတ်ယူခြင်းမပြုဘဲ အကျိုးခံစားခွင့်ရှိသူဟုသာမှတ်ယူရမည်။

ပုဒ်မ(၁၅)တွင် ပုဒ်မ(၁၉)ပါ ပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ်သတ်မှတ် သည်။

**<u>ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (၂၀၁၅)</u>**

ပြည်ထောင်စု လွှတ်တော်သည် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ(၂၆)ရက်နေ့တွင် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

အခန်းပေါင်း(၁၀)ခန်းနှင့် ပုဒ်မ (၃၄)တို့ပါဝင်သည်။

အခန်း(၁)တွင် ပုဒ်မ(၂)၊ ပုဒ်မခွဲ(က)ရှေးဟောင်းအဆောက်အအုံ၊ နှစ်ပေါင်း (၁၀၀) နှင့်အထက် သက်တမ်း ၊ (ခ)ရှေးဟောင်းစာရင်းဝင်အဆောက်အအုံ (ဂ) ကာကွယ်ထိန်းသိမ်းခြင်းဟုဖော်ပြထားသည်။

အခန်း(၂) ရည်ရွယ်ချက် ၊ ပုဒ်မ- ၃

(က) အခွန့်ရှည်တည်တံ့စေရေးမူဝါဒ (ခ)သဘာဝဘေး လူ့ပယောဂဘေးကြောင့် ယိုယွင်းခြင်း (ဂ) အမျိုးဂုဏ် ၊ဇာတိဂုဏ်မြင့်မားရန် မျိုးချစ်စိတ်ရှင်သန်ရန် (ဃ) တန်ဘိုးမြင့်မားမှုကို ပြည်သူတို့သိရန် (င) ဖျက်ဆီးမှုကို ကာကွယ်ရန် (စ) ရှာဖွေဖော်ထုတ်ထိန်းသိမ်းရန် (ဆ) အပြည်ပြည်ဆိုင်ရာ ကွန်ဗန်းရှင်း၊ ဒေသဆိုင်ရာ သဘောတူညီချက်နှင့်အညီ ဆောင်ရွက်ရန်။

အခန်း(၄) ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းခြင်း၊ အပ်နှံခြင်းနှင့်လက်ခံခြင်း

ပုဒ်မ(၅) ဝန်ကြီးဌာနသည် အောက်ပါတို့ကိုဆောင်ရွက်ရမည်။

(က)ရှေးဟောင်းအဆောက်အအုံများ အခွန့်ရှည်ရန် ထိန်းသိမ်းပြုပြင်ခြင်း၊ကာကွယ်ခြင်း။(ခ) ရာသီဉတုဒဏ် ၊ သဘာဝဘေးဒဏ် ၊ လူ့ပယောဂ အခြားနည်းတစ်ခုခုကြောင့် မပျက်စီးအောင်ကြိုတင်ကာကွယ်ထိန်းသိမ်းခြင်း၊ (ဂ)ရှေးဟောင်းစာရင်းတွင် ထည့်သွင်းထိန်းသိမ်းကာကွယ်ခြင်း။ (ဃ) ထိန်းသိမ်းလိုသောစိတ်ဓါတ်ဖြစ်ပေါ်စေရန် ပညာပေး အစီအစဉ်များ ဆောင်ရွက်ခြင်း။

ပုဒ်မ(၆)တွင် ဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံ တစ်ခုခုနှင့်စပ်လျဉ်း၍ အခွန့်ရှည်တည်တံ့စေရန်အတွက် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်။

(က)သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီးဌာနများ ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များအပြင် လိုအပ်ပါက ပြည်တွင်းပြည်ပ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်ညှိနှိုင်းပူးပေါင်း၍ ရှေးဟောင်းအဆောက်အအုံများကို ကာကွယ်ထိန်းသိမ်းခြင်း

(ခ) ပြုပြင်မွမ်းမံရန်နှင့်မပျက်စီးအောင် ပိုင်ရှင်နှင့် ညှိနှိုင်း၍ ထိန်းသိမ်းပြုပြင်ခြင်း

(ဂ) ပိုင်ရှင်နှင့်ထိန်းသိမ်းသူမရှိသော ရှေးဟောင်းအဆောက်အအုံကို နိုင်ငံပိုင်သတ်မှတ်၍ ထိန်းသိမ်းခြင်း ။

(ဃ) ဒေသအသီးသီးရှိ တန်ဘိုးမြင့်မားသည်ဟု သတ်မှတ်သော ရှေးဟောင်းအဆောက်အအုံများကို ထိန်းသိမ်းထားရှိခြင်းနှင့် ပြည်သူများ လေ့လာကြည့်ရှုနိုင်ရန် စီစဉ်

ဆောင်ရွက်ခြင်း
အခန်း(၅) ရှေးဟောင်းအဆောက်အအုံကို စစ်ဆေးခြင်း။
အခန်း(၆) ရှေးဟောင်းအဆောက်အအုံကို တွေ့ရှိကြောင်း သတင်းပို့ခြင်း။
အခန်း(၇)ကြိုတင်ခွင့်ပြုချက်လျှောက်ထားခြင်း၊ စိစစ်ခြင်းနှင့် ထုတ်ပေးခြင်း။
အခန်း(၈) တားမြစ်ချက်ဟု ဖော်ပြထားပါသည်။

ပုဒ်မ(၁၇)တွင် မည်သူမျှ ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူမရှိသောရှေးဟောင်းအဆောက်အအုံတွေ့ရှိပါက ဤဥပဒေပုဒ်မ(၁၂)ပါ ပြဋ္ဌာန်းချက်နှင့်အညီ သတင်းပို့ရန် ပျက်ကွက်ခြင်းမရှိစေရ။

ပုဒ်မ (၁၈)တွင် မည်သူမျှ ဦးစီးဌာန၏ခွင့်ပြုချက်မရရှိဘဲ ပုဒ်မ(၁၄) နှင့် ပုဒ်မ(၁၅)ပါ ဆောင်ရွက်ချက်တစ်ခုခုမပြုလုပ်ရ။

ပုဒ်မ(၁၉) မည်သူမျှ ရှေးဟောင်းအဆောက်အအုံသတ်မှတ်ထားသော ပရဝုဏ်အတွင်းတွင် ဦးစီးဌာန၏ စာဖြင့် ခွင့်ပြုချက်မရဘဲအောက်ပါပြုလုပ်မှုတစ်ခုခု မပြုလုပ်ရ ။

(က) ရှေးဟောင်းအဆောက်အအုံကို ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးရန်ဆောင်ရွက်ခြင်း (ခ) ရှေးဟောင်းအဆောက်အအုံ၏ မူလပုံသဏ္ဌာန်ကိုဖြစ်စေ၊ မူလလက်ရာကိုဖြစ်စေ ပြောင်းလဲစေရန် ပြုလုပ်ခြင်း (ဂ) ရှေးဟောင်းဝတ္ထုပစ္စည်းရှာဖွေရန် တူးဖော်ခြင်း (ဃ) ရှေးဟောင်းအဆောက်အအုံမှ မူလအစိတ်အပိုင်းများ အနုပညာလက်ရာပစ္စည်းများ ဖြုတ်ခွာယူခြင်း၊ ဖယ်ရှားခြင်း

ပုဒ်မ(၂၀) သတ်မှတ်ထားသော ဧရိယာအတွင်း ရှေးဟောင်းအဆောက်အအုံကို ထိခိုက်နိုင်သော အောက်ပါပြုလုပ်မှုတစ်ခုခုကို စာဖြင့် ကြိုတင်ခွင့်ပြုချက်မရဘဲ မပြုလုပ်ရ။

(က) စီးပွားရေးအလို့ငှာ ဓါတ်ပုံ ၊ ဗီဒီယို ရုပ်ရှင်ရိုက်ကူးခြင်း၊ သို့မဟုတ် ပုံတူပွားခြင်း၊ ပုံစံငယ်ပြုလုပ်ခြင်း (ခ) သတ်မှတ်ထားသော နယ်မြေအတွင်းတုန်ခါမှုဖြစ်ပေါ်စေသော ယန္တယားကြီးများအသုံးပြုခြင်း၊ ယာဉ်အမျိုးမျိုးသွားလာခြင်း၊ (ဂ)ရှေးဟောင်းအဆောက် အအုံအနီး ထွက်ယက်စိုက်ပျိုးခြင်း၊ ဥယျာဉ်စိုက်ပျိုးခြင်း တိရိစ္ဆာန်များမွေးမြူခြင်း၊ ပိတ်ဆို့၍ ခြံစည်းရိုးများကာရံခြင်း သို့မဟုတ် ထိခိုက်စေနိုင်သော အခြားဆောင်ရွက်မှုပြုလုပ်ခြင်း (ဃ) မီးပုံးပျံကဲ့သို့ဓါတ်ငွေ့ထုတ်လွှတ်သည့်ကိစ္စများ ဆောင်ရွက်ခြင်း (င) သတ်မှတ်ချက်နှင့်မကိုက်ညီသည့် လေယာဉ်များ၊ ရဟတ်ယာဉ်များ သက်ဆင်းခြင်း ၊ ပျံသန်းခြင်း (စ)ရှေးဟောင်းအဆောက်အအုံနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသော

ဓါတုပစ္စည်းများ စွန့်ပစ်ခြင်း၊ အမှိုက်သရိုက်များစွန့်ပစ်ခြင်း ။

အခန်း(၉) ပြစ်မှုနှင့်ပြစ်ဒဏ်များ

ပုဒ်မ(၂၅)တွင် မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် တရားရုံးသည် အောက်ပါအမိန့်တစ်ခုခုကိုလည်း ချမှတ်ရမည်။

(က) တည်ဆောက်ထားသည့် အဆောက်အအုံကို ဖျက်သိမ်းစေခြင်း (ခ) တူးခဲ့ထားသည့်အဆောက်အအုံ ရေတွင်းရေကန် တူးမြောင်းသို့မဟုတ် မွေးမြူရေးကန် ကို မူလအတိုင်း ပြန်လည်ပြုလုပ်စေခြင်း (ဂ) ပုံသဏ္ဍာန်ပြောင်းလဲပြင်ဆင်ထားသည့် အဆောက်အအုံ သို့မဟုတ်မြေကို မူလသဏ္ဍာန် ပြန်လည်ပြုလုပ်စေခြင်း။

ပုဒ်မ(၂၆) မည်သူမဆိုပုဒ်မ(၂၅)အရ ချမှတ်သည့်အမိန့်တစ်ရပ်ကို လိုက်နာရန်ပျက်ကွက်လျှင် ယင်းအမိန့်ကို လိုက်နာရန်ပျက်ကွက်သည့် ရက်အသီးသီးအတွက် တစ်ရက်လျှင် ကျပ်(၁)သိန်းမှ ကျပ်(၅)သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

ပုဒ်မ(၃၀)တွင် ပုဒ်မ(၂၀) (၂၂) တို့ပါ ပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

ပုဒ်မ(၃၂)၊ ဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်စောင့်ရှောက်ရေးအတွက် ရဲတပ်ဖွဲ့ဝင်များနှင့် ဆောင်ရွက်ပေးရန် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခွင့်ရှိသည်။

**<u>တိုင်းရင်းသားလူမျိုးများအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး ဥပဒေ(၂၀၁၅)</u>**

ပြည်ထောင်စု လွှတ်တော်သည် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄)ရက်နေ့တွင် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။ အခန်း(၉)ခန်းပါသည်။ ပုဒ်မ(၃၄)ခုပါဝင်သည်။

အခန်း(၁)၊ ပုဒ်မ(၂)၊ ပုဒ်မခွဲ(က)-

တိုင်းရင်းသားလူမျိုးများဆိုသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ပင်ရင်းနိုင်ငံအဖြစ် သတ်မှတ်၍ စဉ်ဆက်မပြတ် နေထိုင်ခဲ့ကြသော လူမျိုးများကိုဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံသားပြုခွင့်ရသူများနှင့် ဧည့်နိုင်ငံသားများမပါဝင်။

အခန်း(၃)၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့်ရပိုင်ခွင့်များ

ပုဒ်မ(၄)၊ တိုင်းရင်းသားလူမျိုးများသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့်ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်မဆန့်ကျင်လျှင် (က)မိမိတို့၏စကား ၊ စာပေ၊ အနုပညာ၊ ယဉ်

ကျေးမှု ၊ ဓလေ့ထုံးတမ်းနှင့် ကိုးကွယ်သည့်ဘာသာ ၊ သာသနာတို့ကိုလွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်။ (ခ)မိမိတို့၏စကား၊ စာပေတို့ကို နိုင်ငံတော်၏ ပညာရေးမူဝါဒကို ထိခိုက်မှုမရှိစေဘဲ သင်ကြားခွင့်နှင့် သင်ယူခွင့်ရှိသည်။(ဂ) မိမိတို့၏ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအရ ဆောင်ရွက်သော အခမ်းအနားများနှင့် နေ့ထူးနေ့မြတ်ကို လွတ်လပ်စွာကျင်းပခွင့်ရှိသည်။ (ဃ) မိမိတို့၏စာပေနှင့်အနုပညာတို့ကို ခေတ်မီတိုးတက်စေရန် တီထွင်ကြံဆ ဖော်ထုတ်ခွင့်နှင့်ယဉ်ကျေးမှု ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လွတ်လပ်စွာ သုတေသနပြုဖော်ထုတ်ခွင့်ရှိသည်။ (င) ပညာသင်ကြားခွင့်၊ ဆေးကုသခွင့် ၊ အလုပ်အကိုင်ရပိုင်ခွင့်နှင့် စီးပွားရေးလုပ်ငန်းများတွင် တန်းတူညီမျှသော အခွင့်အရေးများ ရပိုင်ခွင့်ရှိသည်။ (စ) မိမိတို့၏ရိုးရာ တိုင်းရင်းဆေးပညာများ တိမ်ကော ပပျောက်မှုမရှိစေရေးအတွက် ထိန်းသိမ်းခြင်း၊ဖော်ထုတ်ခြင်း၊ ဖွံ့ဖြိုးတိုးတက်စေခြင်းတို့ကို ဆောင်ရွက်ခွင့်ရှိသည်။ (ဆ) မိမိတို့၏ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခွင့်ရှိသည်။ (ဇ) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသော လူဦးရေ ရှိပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ဥပဒေပြုရေးတွင် မိမိတို့ကိုယ်စားလှယ်များ ပါဝင်နိုင်ရန် ဆောင်ရွက်ခွင့်ရှိသည်။(ဈ) ပုဒ်မ (ဇ)အရသက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ စီရင်စု ဥပဒေပြုရေးတွင် ကိုယ်စားလှယ်ပါဝင်ခွင့်ရရှိသည့် တိုင်းရင်းသားလူမျိုး များဖြစ်လျှင် ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု အုပ်ချုပ်ရေးတွင် အဓိကအားဖြင့် ထိုတိုင်းရင်းသားလူမျိုးများရေးရာကိုဆောင်ရွက်နိုင် ရေးအတွက် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ ပါဝင်ခွင့်ပြုရမည်။ (ည)မိမိတိုင်းရင်းသားများ၏ သမိုင်းဖြစ်စဉ်များကို ထုတ်ဖော်ခွင့်နှင့်အမွေအနှစ်များကို ဥပဒေနှင့်အညီ ထိန်းသိမ်းကာကွယ်ခွင့်ရှိရမည်။

အခန်း(၄) ဝန်ကြီးဌာနဖွဲ့စည်းခြင်းနှင့် ပြည်ထောင်စုဝန်ကြီးခန့်အပ်ခြင်း

အခန်း(၅) ဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

အခန်း(၆) တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်းဟု ဖော်ပြထားသည်။

ပုဒ်မ(၁၄)တွင် တိုင်းရင်းသားလူမျိုးများသည် မိမိတို့တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးနစ်နာဆုံးရှုံးပါက ကာကွယ်စောင့်ရှောက်မှု ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြနိုင်သည်။

ပုဒ်မ(၂၁) (က)ပြည်ထောင်စု အစိုးရအဖွဲ့သည် ပုဒ်မ(၂၀)အရ တင်ပြချက်နှင့်စပ်လျဉ်း၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုဝန်ကြီးအား တာဝန်ပေးအပ်ရမည်။

(ခ) ပြည်ထောင်စုဝန်ကြီးသည် ပုဒ်မခွဲ(က)အရ တာဝန်ပေးအပ်သည့် တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး နစ်နာဆုံးရှုံးသည့်ကိစ္စတွင် ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးအတွက် ပြည်ထောင်စု အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရလည်းကောင်း၊ ပြည်ထောင်စုအဆင့်ရှိ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍လည်းကောင်း၊ ဆောင်ရွက်ရမည်။

အခန်း(၇)၊ တားမြစ်ချက်များ

ပုဒ်မ(၂၂) မည်သူမျှ ဤဥပဒေပါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့်ရပိုင်ခွင့်များကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ပိတ်ပင်တားဆီးခြင်းမပြုရ။

ပုဒ်မ (၂၃) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို နိုင်ငံရေးကိစ္စအလို့ငှာ အလွဲသုံးစားမပြုလုပ်ရ။ မည်သူမျှ တိုင်းရင်းသားလူမျိုးများအချင်းချင်း မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်း တစ်မျိုးမျိုးကို ဖြစ်ပေါ်စေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာရန် အကြောင်းရှိသော အပြုအမူများကို မပြုလုပ်ရ။

အခန်း(၈) ပြစ်ဒဏ်များ

မည်သူမဆို ပုဒ်မ(၂၂)၊(၂၃)၊ (၂၄) တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်လျှင် ထောင်ဒဏ် ၊ ငွေဒဏ် ၊ ဒဏ်(၂)ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ပုဒ်မ (၃၃)တွင် ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

**<u>အလုပ်သမားအဖွဲ့အစည်း ဥပဒေ (၂၀၁၁)</u>**

ပြည်ထောင်စု လွှတ်တော်သည် ၂၀၁၁ ခု၊ အောက်တိုဘာလ (၁၁)ရက်နေ့တွင် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။ အခန်း(၁၄)ခန်းနှင့် ပုဒ်မ(၅၈)ဖြင့် ဖော်ပြထားသည်။ အခန်း(၁)၊ ပုဒ်မ(၂)တွင် (က)အလုပ်သမား (ခ)အလုပ်ရှင် (ဂ)လုပ်ငန်း (ဃ)ဝန်ဆောင်မှုလုပ်ငန်း (င) အများပြည်သူဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း (စ)အလုပ်ပိတ်ခြင်း (ဆ) သပိတ်မှောက်ခြင်း (ဇ) အလုပ်သမားအဖွဲ့အစည်း (ဈ) အလုပ်အမှုဆောင်အဖွဲ့ (ည) ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ (ဋ) ရန်ပုံငွေဆိုပြီး ဖော်ပြထားသည်။

အခန်း(၂) အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းခြင်း -

ပုဒ်မ(၃) လုပ်ငန်း (သို့မဟုတ်) လုပ်ဆောင်မှုတစ်ခုခုရှိ အလုပ်လုပ်ရန်ပြဋ္ဌာန်းထားသော တည်ဆဲ ဥပဒေအသီးသီးရှိ သတ်မှတ်ထားသော အသက်အရွယ်ရှိသည့်

အလုပ်သမားတိုင်းသည် -

(က) ယင်းတို့၏ဆန္ဒအလျောက် အလုပ်သမားအဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်နှင့် အလုပ်သမားအဖွဲ့အစည်းမှ နှုတ်ထွက်ခွင့်ရှိသည်။ (ခ) မိမိတို့နှင့်သက်ဆိုင်သည့် လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုအမျိုးအစားအလိုက် ဖွဲ့စည်းထားသည့် အလုပ်သမားအဖွဲ့အစည်းတစ်ခုတည်းတွင်သာ အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ရှိသည်။

ပုဒ်မ(၄)တွင် အလုပ်သမားများနှင့်အလုပ်ရှင်များ၏ အကျိုးကိုဆောင်ရွက်နိုင်ရန် အလို့ငှာ အလုပ်သမားအဖွဲ့အစည်း အဆင့်ဆင့်ကိုဖွဲ့စည်းရာတွင် -

(က) (၁) အခြေခံ အလုပ်သမားအဖွဲ့အစည်းကို လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုအမျိုးအစားအလိုက် သက်ဆိုင်ရာ လုပ်ငန်းတွင် အလုပ်လုပ်ကိုင်နေသည့် အလုပ်သမားအနည်းဆုံး ဦးရေ (၃၀)ဖြင့် ဖွဲ့စည်းနိုင်သည်။ အလုပ်သမားဦးရေ (၃၀)အောက်ရှိသော လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှု ဖြစ်ပါက လုပ်ငန်းသဘော သဘာဝတူညီသော အခြားလုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုတစ်ခုခုနှင့် ပူးပေါင်းဖွဲ့စည်းနိုင်သည်။

(၂) ယင်းသို့ဖွဲ့စည်းရာတွင် သက်ဆိုင်ရာ လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှု ရှိစုစုပေါင်းအလုပ်သမားများ၏ ၁၀%အောင် မနည်းသူများကထောက်ခံရမည်။

(ခ) မြို့နယ်အလုပ်သမားအဖွဲ့အစည်းကိုလည်း ၁၀%အောက်မနည်း ထောက်ခံမှုဖြင့်လည်းကောင်း၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလုပ်သမားအဖွဲ့အစည်းကို ၁၀% အောက်မနည်း ထောက်ခံမှုဖြင့်လည်းကောင်း

(ဃ) အလုပ်သမားအဖွဲ့ချုပ်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလုပ်သမားအဖွဲ့အစည်း ၁၀%အောက်မနည်း ထောက်ခံမှုဖြင့်လည်းကောင်း

(င) မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ကို အလုပ်သမားအဖွဲ့ချုပ်စုစုပေါင်း၏ ၂၀%အောက်မနည်း ထောက်ခံမှုဖြင့် ဖွဲ့စည်းနိုင်သည်။

ပုဒ်မ(၅)၊ အလုပ်သမားအဖွဲ့စည်းများသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်တို့ဖြင့် ဆောင်ရွက်ပိုင်ခွင့် စဉ်ဆက်မပြတ်ဆက်ခံဆောင်ရွက်ပိုင်ခွင့် ၊ တရားစွဲဆိုနိုင်ခွင့် နှင့် တရားစွဲဆိုခံနိုင်ခွင့်ရှိစေရမည်။

ပုဒ်မ(၆)တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့နှင့် အလုပ်သမား အဖွဲ့ချုပ်များသည် ပြည်ပနှင့်အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်များနှင့် ပေါင်းစည်းဆက်သွယ်ဆောင်ရွက်နိုင်သည်။

ပုဒ်မ(၇)

(က)အခြေခံအလုပ်သမားအဖွဲ့အစည်းများ၏ အလုပ်အမှုဆောင် အဖွဲ့ ကို အဖွဲ့ဝင်အနည်းဆုံး(၅)ဦးနှင့်အထက် မဂဏန်းအရေအတွက်ဖြင့် ရွေးချယ်ဖွဲ့စည်း ရမည်။ (ခ) မြို့နယ်အလုပ်သမားအဖွဲ့အစည်း ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလုပ် သမားအဖွဲ့အစည်းနှင့် အလုပ်သမားအဖွဲ့ချုပ်တို့ကို အလုပ်အမှုဆောင်အဖွဲ့ဝင် အနည်း ဆုံး (၇)ဦးမှ အများဆုံး (၁၅)ဦးအထိရှိသော မဂဏန်းအရေအတွက်ဖြင့်ဖွဲ့စည်းရမည်။ (ဂ) မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ကို အလုပ်အမှုဆောင်အဖွဲ့ဝင် အနည်းဆုံး (၁၅)ဦးမှ အများဆုံး (၃၅)ဦးထိရှိသော မဂဏန်းအရေအတွက်ဖြင့် ဖွဲ့စည်းရမည်။

<u>အခန်း(၃) မှတ်ပုံတင်ခြင်း</u>

ပုဒ်မ (၁၁)(က) မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့နှင့် အလုပ်သမားအဖွဲ့ချုပ်တို့မှအပ အလုပ်သမား အဖွဲ့အစည်း တစ်ခုခု၏အလုပ်အမှု ဆောင်အဖွဲ့သည် သက်ဆိုင်ရာမြို့နယ်မှတ်ပုံတင်အရာရှိထံ မိမိအဖွဲ့အစည်း၏ ဖွဲ့စည်း ပုံ စည်းမျဉ်းများကို ပူးတွဲလျှက် သတ်မှတ်ချက်နှင့်အညီ တင်ပြပြီး လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုအမျိုးအစားအလိုက် အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ရမည်။ (ခ) ပုဒ်မခွဲ(က)အရ မှတ်ပုံတင်ရာတွင် အခြေခံအလုပ်သမားအဖွဲ့အစည်းက အဖွဲ့ ဝင်များကလည်းကောင်း ၊ မြို့နယ်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့အစည်းတို့ က အလုပ်အမှုဆောင် အဖွဲ့ဝင်များကလည်းကောင်း၊ သက်ဆိုင်ရာ ဖွဲ့စည်းပုံစည်းမျဉ်း ကို သဘောတူကြောင်း လက်မှတ်ရေးထိုးထားသည့် ပုံစံ ပူးတွဲပါရှိရမည်။

ပုဒ်မ(၁၂)တွင် မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားရေးရာအဖွဲ့နှင့် အလုပ်သမား အဖွဲ့ချုပ်တစ်ခုခု၏ အလုပ်အမှုဆောင်အဖွဲ့သည် ဖွဲ့စည်းပုံစည်းမျဉ်းကို သဘောတူကြောင်း လက်မှတ်ရေးထိုးထားသည့် ပူးတွဲပုံစံနှင့်အတူ မှတ်ပုံတင်အရာရှိချုပ်ထံသတ်မှတ်ချက်နှင့်အညီ တင်ပြပြီး မှတ်ပုံတင်ရမည်။

အခန်း(၄) ပုဒ်မ(၁၆) အလုပ်အမှုဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) အလုပ်သမားများကို ကိုယ်စားပြုရန်

(ခ) အလုပ်သမားများ၏အခွင့်အရေးနှင့်အကျိုးစီးပွားများကို ကာကွယ်သည့်ဆောင်ရွက်မှုများလုပ်ကိုင်ရန်

(ဂ) အလုပ်သမားများ၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ ဗဟုသုတဖွံ့ဖြိုးတိုးတက်စေရန်

(ဃ) ကုန်ထုတ်စွမ်းအားဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူပြုသည့် အရည်အချင်းမြင့်အလုပ်သမားများ ပေါ်ပေါက်လာစေရေးအတွက် လုပ်ငန်းခွင်သင်တန်းများ နှင့် ကျွမ်းကျင်မှုသင်တန်းများဖွင့်လှစ်ရန် ။

(င) သမဝါယမ အိမ်ရာ၊ သက်သာချောင်ချိရေးနှင့် အလားတူ ရည်ရွယ်ချက်များပါဝင်သော အလုပ်သမားအဖွဲ့အစည်းနှင့် ၎င်း၏အဖွဲ့ဝင်များအကျိုးရှိစေမည့် လုပ်ငန်းအားလုံးကို ဆောင်ရွက်ရန် ။

အခန်း(၅) အလုပ်သမားအဖွဲ့အစည်း၏အခွင့်အရေးနှင့်တာဝန်များ

အခန်း(၆) ရန်ပုံငွေထူထောင်ခြင်းနှင့် သုံးစွဲခြင်း

အခန်း(၇) အလုပ်ရှင်၏တာဝန်များ

အခန်း(၈) မှတ်ပုံတင်အရာရှိချုပ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

အခန်း(၉) မှတ်ပုံတင်အရာရှိချုပ်၏ ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ လျှောက်ထားခြင်း

အခန်း(၁၀) မြို့နယ်မှတ်ပုံတင်အရာရှိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

အခန်း(၁၁) အလုပ်ပိတ်ခြင်းနှင့် သပိတ်မှောက်ခြင်း

အခန်း(၁၂) တားမြစ်ချက်

အခန်း(၁၃) ပြစ်ဒဏ်များ

အခန်း(၁၄) အထွေထွေဟု ဖော်ပြပါရှိပါသည်။

## အလုပ်သမား အငြင်းပွားမှု ဖြေရှင်းရေးဥပဒေ (၂၀၁၂)

ပြည်ထောင်စု လွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ မတ်လ(၂၈)ရက်နေ့တွင် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။ အခန်း(၁၀)ခန်းနှင့် ပုဒ်မ(၆၀)ပါဝင်သည်။ အခန်း(၁) ပုဒ်မ(၂)တွင် (က)အလုပ်သမား (ခ) အလုပ်သမားအဖွဲ့အစည်း (ဂ)အလုပ်ရှင် (ဃ)အလုပ်ရှင်အဖွဲ့အစည်း (င)လုပ်ငန်း (စ)မရှိမဖြစ် လိုအပ်သည့်ဝန်ဆောင်မှုလုပ်ငန်း (ဆ) အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း (ဇ)အလုပ်ပိတ်ခြင်း၊ (ဈ) သပိတ်မှောက်ခြင်း (ည) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် (ဋ) စုပေါင်းတောင်းဆိုမှု (ဌ) စုပေါင်းသဘောတူညီချက် (ဍ) အငြင်းပွားမှု (ဎ) တစ်ဦးချင်းအငြင်းပွားမှု (ဏ)စုပေါင်းအငြင်းပွားမှု (တ) ညှိနှိုင်းရေးကော်မတီ (ထ) ညှိနှိုင်းဖြန်ဖြေရေးအဖွဲ့ (ဒ)ခုံသမာဓိအဖွဲ့ (ဓ)ခုံသမာဓိကောင်စီ (န)ခုံအဖွဲ့ (ပ)ဆုံးဖြတ်ချက် (ဖ) ဝန်ကြီးဌာန (ဗ) ဝန်ကြီးဟု ဖော်ပြထားသည်။

အခန်း(၂) အလုပ်သမားရေးရာလုပ်ငန်း ညှိနှိုင်းရေးကော်မတီ ဖွဲ့စည်းခြင်း
အခန်း(၃) အငြင်းပွားမှု ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဖွဲ့စည်းခြင်း
အခန်း(၄) အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိအဖွဲ့ဖွဲ့စည်းခြင်း
အခန်း(၅) အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိကောင်စီဖွဲ့စည်းခြင်း
အခန်း(၆) အငြင်းပွားမှုအား ဖြေရှင်းခြင်း
အခန်း(၇) အလုပ်ရှင် သို့မဟုတ် အလုပ်သမား တစ်ဖက်ဖက်သည် မိမိ၏ နစ်နာချက်နှင့်စပ်လျဉ်း၍ တစ်ဦးချင်းအငြင်းပွားမှုကို ညှိနှိုင်းဖြန် ဖြေရေးအဖွဲ့သို့ တိုင်ကြားနိုင်သည်။ အဆိုပါအဖွဲ့က သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ဖြန်ဖြေပေးမှုကို မကျေနပ်ပါက မကျေနပ်သူကိုယ်တိုင်ဖြစ်စေ တရားဝင်လွှဲအပ်ထားသော ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စီရင်ပိုင်ခွင့်ရှိသော တရားရုံးသို့ လျှောက်ထားနိုင်သည်။

ပုဒ်မ(၂၄) အငြင်းပွားမှုနှင့်စပ်လျဉ်း၍ အလုပ်ရှင် သို့မဟုတ် အလုပ်သမား တစ်ဖက်ဖက်၏တိုင်ကြားချက်အရဖြစ်စေ ဝန်ကြီး၏ အကြောင်းကြားချက်အရဖြစ်စေ ၊ အခြားနည်းလမ်းတစ်ခုခုအရဖြစ်စေ အခြားနည်းလမ်းတစ်ခုအရဖြစ်စေ သိရှိသည်၊ သို့မဟုတ် လက်ခံရရှိသည့် စုပေါင်းအငြင်းပွားမှုကို သက်ဆိုင်ရာ ညှိနှိုင်းဖြန်ဖြေရေးအဖွဲ့သည် အောက်ပါအတိုင်းဆောင်ရွက်ရမည်။

(က)အငြင်းပွားမှုနှင့်စပ်လျဉ်း၍ သိရှိသည့်နေ့ သို့မဟုတ်လက်ခံရရှိသည့်နေ့ရက်မှ တရားဝင်ရုံးပိတ်ရက်များမပါ (၃)ရက်အတွင်း ပြေငြိမ်းစေရန် ဖြန်ဖြေပေးခြင်း
(ခ)ပုဒ်မခွဲ(က)အရ ဖြန်ဖြေရာတွင် ပြေငြိမ်းမှုရရှိပါက ညှိနှိုင်းဖြန်ဖြေရေးရှေ့မှောက် တွင်နှစ်ဖက်သဘောတူ စာချုပ်ချုပ်ဆိုစေခြင်း။

ပုဒ်မ(၂၅) ညှိနှိုင်းဖြန်ဖြေရေးအဖွဲ့သည် ပြေငြိမ်းမှုမရရှိသော စုပေါင်းအငြင်းပွားမှုကို သက်ဆိုင်ရာ ခုံ သမာဓိအဖွဲ့သို့ လွှဲပြောင်းပေးပို့ပြီး ထိုသို့လွှဲပြောင်းပေးပို့ကြောင်းကို အငြင်းပွားမှုနှင့်သက်ဆိုင်သူများထံ အသိပေးအကြောင်းကြားရမည်။

ပုဒ်မ (၂၆) ညှိနှိုင်းဖြန်ဖြေရေးအဖွဲ့သည် အသေးစိတ် အစီရင်ခံစာနှင့်အတူ အမှုတွဲအား တရားဝင်ရုံးပိတ်ရက်များမပါ (၂)ရက်အတွင်း သက်ဆိုင်ရာ ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းပေးအပ်ရမည့်အပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့လည်း အစီရင်ခံအကျဉ်းချုပ်ကိုတင်ပြရမည်။

ပုဒ်မ(၂၇) သက်ဆိုင်ရာ ခုံသမာဓိအဖွဲ့သည် ပုဒ်မ(၂၆)အရ ညှိနှိုင်းဖြန်ဖြေရေး အဖွဲ့က လွှဲအပ်သော စုပေါင်းအငြင်းပွားမှုအား လက်ခံရရှိသည့်နေ့ရက်မှ တရားဝင် ရုံးပိတ်ရက်မပါ (၇)ရက်အတွင်း ဆုံးဖြတ်ချက် ချမှတ်ရမည်ဖြစ်သည်။ (၂)ရက်အတွင်း သက်ဆိုင်ရာအငြင်းပွားသူများထံ ဆုံးဖြတ်ချက် ပေးပို့ရမည်။ မရှိမဖြစ် လိုအပ်သည့် ဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် အများပြည်သူဆိုင်ရာဝန်ဆောင်မှု လုပ်ငန်းနှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက်ဖြစ်ပါကဝန်ကြီးနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသို့ မိတ္တူပေးပို့ရမည်။

ပုဒ်မ(၂၈) မရှိမဖြစ် လိုအပ်သည့် ဝန်ဆောင်မှုလုပ်ငန်းနှင့်သက်ဆိုင်သည့် ဆုံးဖြတ်ချက်မှတပါး ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်ပါက အငြင်းပွားသူများသည် အောက်ပါတို့အနက် တစ်ခုခုကိုဆောင်ရွက်နိုင်သည်။

(က) ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ တရားဝင် ရုံးပိတ်ရက်များမပါ (၇)ရက်အတွင်း ခုံသမာဓိကောင်စီ၏ ဆုံးဖြတ်ချက် ခံယူရန် နှစ်ဖက်စလုံးမှ လျှောက်ထားခြင်း၊

(ခ) အလုပ်ပိတ်ခြင်း သို့မဟုတ် သပိတ်မှောက်ခြင်းကို သက်ဆိုင်ရာ ဥပဒေအရ ပြုလုပ်ခြင်း

ပုဒ်မ(၂၉) မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုလုပ်ငန်းနှင့်စပ်လျဉ်း၍ ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို မကျေနပ်သည့် သက်ဆိုင်ရာအငြင်းပွားသူတစ်ဦးဦးသည် တရားဝင်ရုံးပိတ်ရက်မပါ (၇)ရက်အတွင်း ခုံသမာဓိကောင်စီသို့လျှောက်ထားရမည်။

ပုဒ်မ(၃၀) ခုံသမာဓိကောင်စီသည် ပုဒ်မ(၂၈)၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မ(၂၉)တို့အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ စစ်ဆေးဆုံးဖြတ်နိုင်ရန် ခုံအဖွဲ့ကိုဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည်။

ပုဒ်မ(၃၁) ခုံအဖွဲ့သည် (က) ပုဒ်မ(၂၈) ပုဒ်မခွဲ(က)အရ လျှောက်ထားသည့် စုပေါင်းအငြင်းပွားမှုကို လက်ခံရရှိသည့်နေ့ရက်မှ တရားဝင်ရုံးပိတ်ရက်များမပါ (၁၄) ရက်အတွင်း ဆုံးဖြတ်ချက် ချမှတ်ရမည်။ (ခ) ဆုံးဖြတ်ချက်ကို တရားဝင်ရုံးပိတ်ရက်များမပါ (၂)ရက်အတွင်း သက်ဆိုင်ရာအငြင်းပွားသူများထံပေးပို့ရမည်။

ပုဒ်မ(၃၂) ခုံအဖွဲ့သည် (က) ပုဒ်မ(၂၉)အရ လျှောက်ထားသည့် စုပေါင်း အငြင်းပွားမှုကို လက်ခံရရှိသည့်နေ့ရက်မှ တရားဝင်ရုံးပိတ်ရက်မပါ (၇)ရက်အတွင်း ဆုံးဖြတ်

ချက်ချမှတ်ရမည်။ (ခ) ဆုံးဖြတ်ချက်ကို တရားဝင် ရုံးပိတ်ရက်မပါ (၂)ရက်အတွင်း သက်ဆိုင်ရာ အငြင်းပွားသူများထံပေးပို့ရမည်။

ပုဒ်မ(၃၃) ခုံသမာဓိကောင်စီသည် ပုဒ်မ(၃၂)၊ ပုဒ်မခွဲ(က)အရ ခုံအဖွဲ့က ချမှတ်သော ဆုံးဖြတ်ချက်မိတ္တူကို ဝန်ကြီးနှင့်သက်ဆိုင်ရာ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များထံပေးပို့ရမည်။

အခန်း(၇) ဆုံးဖြတ်ချက်အတည်ဖြစ်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်းနှင့် အကျိုးသက်ရောက်ခြင်း

ပုဒ်မ(၃၄) ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို နှစ်ဖက် အငြင်းပွားသူများက သဘောတူလျှင် ယင်းဆုံးဖြတ်ချက်သည် ချမှတ်သည့်နေ့ရက်မှ အတည်ဖြစ်သည်။

ပုဒ်မ(၃၅) ခုံအဖွဲ့၏ဆုံးဖြတ်ချက်ကို ခုံသမာဓိကောင်စီ၏ ဆုံးဖြတ်ချက်အဖြစ်မှတ်ယူရမည်။ ယင်းဆုံးဖြတ်ချက်သည် ချမှတ်သည့်နေ့ရက်မှစ၍ အတည်ဖြစ်သည်။

ပုဒ်မ(၃၆) ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံသမာဓိကောင်စီ၏ ဆုံးဖြတ်ချက်အတည်မှ (၃)လကျော်လွန်ပါက ပြင်ဆင်ပြောင်းလဲရန် သဘောတူညီနိုင်သည်။ ပြင်ဆင်ပြောင်းလဲချက်သည် ခုံသမာဓိဆုံးဖြတ်ချက်၏ သက်ဆိုင်ရာအပိုင်းကို လွှမ်းမိုးစေရမည်။

အခန်း(၈) တားမြစ်ချက်များ

အခန်း(၉) ပြစ်ဒဏ်များ

ပုဒ်မ(၄၆) မည်သည့်အလုပ်ရှင်မဆို ပုဒ်မ(၃၈)နှင့် ပုဒ်မ(၃၉)တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ကျူးလွန်လျှင် ငွေဒဏ်ကျပ်(၁)သိန်းအနည်းဆုံးချမှတ်ရမည်။

ပုဒ်မ (၄၇) မည်သူမဆို ပုဒ်မ(၄၁) နှင့် (၄၂)တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ကျူးလွန်လျှင် ငွေဒဏ် ကျပ်သုံးသောင်းအထိ ချမှတ်ရမည်။

ပုဒ်မ(၄၈) မည်သူမဆိုပုဒ်မ(၄၀) (၄၃) (၄၄) (၄၅) တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ကျူးလွန်လျှင် အနည်းဆုံးငွေဒဏ်ကျပ်(၁)သိန်းချမှတ်ရမည်။